ကြေးမုံ
The Mirror
၁၃၆၉ ခုနှစ်၊ တပေါင်းလဆန်း ၁၁ ရက်၊ တနင်္လာနေ့၊ (17-3-2008) (၅၆၂၅)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

စီးပွားရေးအခြေခံကောင်းများ ခိုင်မြဲတိုးတက်ရေးအားပေးနိုင်မည့် စီးပွားရေးဆိုင်ရာအခြေခံမှုများ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းတွင် ထည့်သွင်းထားပြီးဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီးနှင့် အသင်းဝင်အားလုံး အခြေခံဥပဒေမူကြမ်း အတည်ပြုရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ဖြစ်ထွန်းအောင် အမျိုးသားရေးအသိဖြင့် ပူးပေါင်းဆောင်ရွက်

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ် (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၆

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် ယနေ့ မွန်းလွဲ ၁နာရီ မိနစ် ၄၀တွင် နေပြည်တော် မြို့တော်ခန်းမရှိ မင်္ဂလာခန်းမ၌ ကျင်းပသော ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

အဆိုပါ အစည်းအဝေးသို့ အစိုးရအဖွဲ့–အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ နိုင်ငံခြားသံရုံးများမှ သံတမန်များနှင့်တာဝန်ရှိသူများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် အစိုးရအဖွဲ့ရုံးတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ **စာမျက်နှာ ၈ ကော်လံ ၁ သို့** ☆

ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ စနစ်တကျ ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းကို မတည်ဆောက်နိုင်

"ကိုယ်ပိုင် ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ စနစ်တကျ ဖွံ့ဖြိုးတိုးတက်သော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည်မဟုတ်ကြောင်း အားလုံးနားလည်သဘောပေါက်ပြီး ဖြစ်သည်။ မိမိတို့၏ အဓိက လိုအင်ဆန္ဒမှာ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးဖော်ဆောင်နိုင်ရေးဖြစ်ကြောင်းလည်း သိရှိထားပြီးဖြစ်သည်"

အငြိမ်းစားဝန်ထမ်းတစ်ဦး၏ "ဤမှ...ထိုသို့ ချီတက်ကြပါစို့" (ဆောင်းပါး) စာမျက်နှာ–၆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၇-၃-၂၀၀၈
(တနင်္လာနေ့)

ကျန်းမာသန်ထွားဉာဏ်မြင့်မားအိုင်အိုဒင်းဆားနေ့တိုင်းစား

ကျန်းမာခြင်းသည် ဉာဏ်ရည်မြင့်မားရေးကို အထောက်အကူပြုသဖြင့် လူတိုင်းလူတိုင်း အသက်ရှည်စွာ နေထိုင်နိုင်ရေးနှင့် ကျန်းမာကြံ့ခိုင်ရေးကို အလေးထားကြရမည်ဖြစ်သည်။

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် လူတိုင်းသက်တမ်းစေ့ နေထိုင်နိုင်ရေးနှင့် လူတိုင်းရောဂါဘယကင်းရှင်းရေး ရည်မှန်းချက်များနှင့်အညီ ပြည်သူတစ်ရပ်လုံး၏ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်ပေးနေသည်။ ရောဂါကြိုတင်ကာကွယ်ရေး၊ ရောဂါကုသရေး၊ ပြန်လည်ထူထောင်ရေး၊ ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ပေါင်းစပ်လုပ်ကိုင်လျက်ရှိသည်။

ပြည်သူများအတွင်း အာဟာရပညာဖြန့်ဖြူးပေးလျက်ရှိရာ အိုင်အိုဒင်းဆား အရည်အသွေး စစ်ဆေးထိန်းသိမ်း စားသုံးစေခြင်းသာမက ကလေးများအား ဗီတာမင်အေ ဆေးလုံးတိုက်ကျွေးခြင်း၊ ကိုယ်ဝန်ဆောင်မိခင်လောင်းများအား သံဓာတ်ဆေးပြားများ ဖြန့်ဝေပေးခြင်းတို့ကိုလည်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ပေးနေပြီဖြစ်သည်။

အိုင်အိုဒင်းဓာတ်ချို့တဲ့မှုသည် ပြည်သူများ၏ ကျန်းမာရေးကို ထိခိုက်စေနိုင်သည်။ ပင်လယ်ထွက် အစားအစာများတွင် အိုင်အိုဒင်းဓာတ်ပါဝင်သော်လည်း ခန္ဓာကိုယ်၏ လိုအပ်ချက်ကို အပြည့်အဝ ဖြည့်ဆည်းပေးနိုင်ခြင်းမရှိသဖြင့် နေရာဒေသမရွေး၊ အသက်အရွယ်မရွေး အိုင်အိုဒင်းဆားကို နေ့စဉ်စားသုံးရန် လိုအပ်သည်။

ကိုယ်ဝန်ဆောင် မိခင်များတွင် အိုင်အိုဒင်း အာဟာရဓာတ်ချို့တဲ့ပါက ကိုယ်ဝန်ပျက်ခြင်း၊ ကလေးအသေမွေးဖွားခြင်း၊ ဆွံ့အနားမကြားသော ကလေး၊ ခြေလက်မသန်စွမ်းသောကလေး မွေးဖွားခြင်းတို့ဖြစ်တတ်သည်။

ကလေးငယ်များ၌ အိုင်အိုဒင်း အာဟာရဓာတ်ချို့တဲ့ပါကလည်း ဉာဏ်ရည်နိမ့်ခြင်း၊ သွက်လက်ဖျတ်လတ်မှုမရှိဘဲ အရာရာတွင် ထုံထိုင်းနှေးကွေးခြင်းနှင့် ခန္ဓာကိုယ်ကြီးထွား ဖွံ့ဖြိုးမှုနှေးကွေးပြီး ပုညက်ခြင်းတို့ဖြစ်တတ်ကြောင်း သိရသည်။

ကျန်းမာရေးဦးစီးဌာနနှင့် ဒေသဆိုင်ရာ အဖွဲ့အစည်းများ ပူးပေါင်း၍ ပြည်သူများအတွင်း အိုင်အိုဒင်းဆား စားသုံးရေး ကျယ်ကျယ်ပြန့်ပြန့် ပညာပေးဆောင်ရွက်ခြင်း၊ အရည်အသွေးမီ အိုင်အိုဒင်းဆားများ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ မိသားစုတိုင်း အသက်အရွယ်မရွေး အိုင်အိုဒင်းဆား နေ့တိုင်းစားသုံးကြခြင်းတို့ဖြင့် လူတိုင်းကျန်းမာကြံ့ခိုင် ဉာဏ်ရည်မြင့်မားကြမည်ဖြစ်ပါသည်။ ။

အိန္ဒိယနိုင်ငံ မဇ္ဈိမဒေသ ဗုဒ္ဓဂယာ မြေမြတ်မဟာရှိ ဗုဒ္ဓဂယာ မြန်မာကျောင်းဝင်းအတွင်း တိုးချဲ့မြေနှစ်ဧကဝယ်ယူရရှိပြီးသောမြေ၌ သံဃာ့သုခသုံးထပ်ကျောင်းဆောင်နှင့် အခြားသော သာသနိက အဆောက်အအုံများဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ လှိုင်မြို့နယ် လှိုင်မြင့်မိုရ်အိမ်ရာနေ ဦးမင်းမော်-ဒေါ်မြင့်မြင့်သင်း၊ သား စိုင်းအောင်စိုးမော်-မနန်းအေးလှဲ့ခိုင်မိသားစုက အလှူငွေကျပ် တစ်သိန်းကို ရန်ကုန်တိုင်း စမ်းချောင်းမြို့ နယ် မြေနီကုန်းကျောင်းလမ်းနှင့် အောင်တော်မူလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်း ပဓာနနာယက ဦးဆောင်နာယကဩဝါဒါစရိယ ဗုဒ္ဓဂယာ ဆရာတော် ဘဒ္ဒန္တဉာဏိန္ဒ(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) အိန္ဒိယနိုင်ငံ ပရဒေသီသံဃနာယကအဖွဲ့ ဥက္ကဋ္ဌထံ ပေးအပ်လှူဒါန်းစဉ်။ (ကြေးမုံ)



ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆို မြသာရွာမြေသားလမ်းဖွင့်ပွဲ အခမ်းအနားကျင်းပ

နေပြည်တော် မတ် ၁၆

၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အောင်ဘိတ်သိတ်ကျေးရွာနှင့် မြသာကျေးရွာတို့ကို ဆက်သွယ်သည့် မြသာရွာ မြေသားလမ်းဖွင့်ပွဲ အခမ်းအနားကို မတ် ၁၅ ရက် နံနက် ၉ နာရီတွင် မြသာကျေးရွာ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် နေပြည်တော်ပျဉ်းမနားခရိုင် တာဝန်ခံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ တက်ရောက်၍ အမှာစကားပြောကြားပြီး ဒေသခံပြည်သူများအတွက် အဝတ်အထည်များကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေးက ကျေးရွာစာကြည့်တိုက်အတွက် စာအုပ်စာတမ်းများကိုလည်းကောင်း၊ နေပြည်တော် ပျဉ်းမနားမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစောပီတာက ပေါက်ပြားများကိုလည်းကောင်း၊ နေပြည်တော်ပျဉ်းမနားမြို့နယ် သစ်ကွန်ကျေးရွာအုပ်စု ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးစိုးဝင်းလှိုင်က အသင်းဝင် အဆိုပြုလွှာများကိုလည်းကောင်း ပေးအပ်ကြသည်။

ဆက်လက်၍ မြသာကျေးရွာ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးမြင့်မောင်က လမ်းဖောက်လုပ်ခဲ့သည့် အခြေအနေများနှင့် စပ်လျဉ်း၍ ကျေးဇူးတင်စကားပြောကြားသည်။

ယင်းနောက် နေပြည်တော်ပျဉ်းမနားခရိုင် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်း အတွင်းရေးမှူး ဦးခင်မောင်ဌေး၊ အောင်ဘိတ်သိတ်ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးကျော်လင်းနှင့် လမ်းဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်မောင်တို့က မြသာရွာ မြေသားလမ်းကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးနှင့် ဧည့်သည်များသည် မြေသားလမ်းတစ်လျှောက် လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ မြေသားလမ်းသည် ကျေးရွာချင်းဆက်လမ်းဖြစ်၍ အလျား ခြောက်မိုင် လေးဖာလုံ၊ အကျယ် ၁၂ ပေ ရှိပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းက ဦးဆောင်၍ လမ်းဖောက်လုပ်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ ၂၀၀၈ ခုနှစ် (၆၃)နှစ်မြောက် တပ်မတော်နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် နေပြည်တော် ပျဉ်းမနားမြို့နယ်ရှိ အောင်ဘိတ်သိတ်ကျေးရွာနှင့် မြသာကျေးရွာတို့ကို ဆက်သွယ်သည့် မြသာရွာ မြေသားလမ်း ဖွင့်ပွဲတွင် ဒေသခံပြည်သူများအတွက် အဝတ်အထည်များကိုပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ဘူမိဗေဒကျောင်းသားဟောင်းများ အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၆

၁၉၇၈ ခုနှစ် ရန်ကုန်ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် နောက်ဆုံးနှစ် ဘူမိဗေဒကျောင်းသားဟောင်းများ၏(၁၁)ကြိမ်မြောက် အာစရိယပူဇော်ပွဲနှင့် ပြန်လည်တွေ့ဆုံပွဲကို မတ် ၂၉ ရက် ညနေ ၆နာရီတွင် ဆီဒိုးနားဟိုတယ် မင်းတုန်းခန်းမ၌ ကျင်းပမည်ဖြစ်ပါ၍ ကျောင်းသားဟောင်းများအား တက်ရောက်ကြပါရန်နှင့် ကျောင်းသားဟောင်းများ၏ ၂၀၀၇ခုနှစ် ဒသမတန်းအောင်မြင်သော သား၊ သမီးများကို ပညာရည်ချွန်ဆု ချီးမြှင့်မည်ဖြစ်ပါ၍ မြထူး၊ ကျော်ထူး ဖုန်း-၅၅၈၄၆၁၊ အေးကိုကို၊ နေဝင်း ဖုန်း-၅၄၈၄၁၄၊ အောင်မြ ဖုန်း-၀၉-၅၁၀၆၆၃၁၊ အောင်ကြိုင် ဖုန်း-၀၉-၅၀၀၂၉၇၄၊ ဇေမျိုးလှိုင် ဖုန်း-၀၉-၈၀၃၂၄၅၈၊ ဟန်ငြိမ်း ဖုန်း-၂၀၂၈၀၂၊ အောင်မြင့်ကျော် ဖုန်း-၃၇၄၆၄၂၊ အောင်ကျော်ထွန်း ဖုန်း-၅၅၈၃၀၇၊ သောင်းလွင်ဖုန်း-၀၅၂-၂၁၄၆၊ မြင့်ဖုန်း ဖုန်း-၂၂၂၆၁၃၊ စည်အောင် ဖုန်း-၀၉-၅၀၁၉၁၄၀တို့သို့ ဆက်သွယ်အကြောင်းကြားရန် နှိုးဆော်ထားသည်။ (က-ပ)

ရန်ကုန်တိုင်း လှိုင်မြို့နယ် (၁၆) ရပ်ကွက်ရှိ မေတ္တာဝါဒီ ဟသ်ာတ (ပရဟိတ)ကိုးထပ်ကျောင်းဆောင် တိုက်ပေါ်တွင် တည်ထားကိုးကွယ်သော မေတ္တာ သစ္စာ မိဋ္ဌာန်အောင် စေတီတော် ရွှေသင်္ကန်းကပ်လှူရန်အတွက် အလှူငွေကျပ် ခြောက်သိန်းကို ဥက္ကံမြို့ ကြယ်နီဆေးလိပ်ရုံပိုင်ရှင် ဦးခင်မောင်ဝင်း- သီရိသုဓမ္မသိင်္ဂီ ဒေါ်သန်းသန်းနွဲ့တို့က ဦးစီးနာယက ဆရာတော် ဘဒ္ဒန္တသီလာနန္ဒ ထံ လှူဒါန်းစဉ်။ (က-ပ)

အနုပညာနှလုံးအိမ် ရုပ်ရှင်အနုပညာသင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၆

ငါးထပ်ဆင့် အကယ်ဒမီ မောင်တင်ဦး စုစည်းဖန်တီးသည့် အနုပညာနှလုံးအိမ် ရုပ်ရှင်အခြေခံပညာသင်တန်း အမှတ်စဉ်(၁)ကို ဇန်နဝါရီ ၁၀ ရက်နှင့် အမှတ်စဉ်(၂)ကို ဖေဖော်ဝါရီ ၂၅ ရက်တို့တွင် ဖွင့်လှစ်ခဲ့ပြီးဖြစ်သည်။ တက္ကသိုလ်ဝင်တန်း စာမေးပွဲဖြေဆိုပြီးသော ကျောင်းသား၊ ကျောင်းသူများအတွက် နွေရာသီသုံးလ အထူးသင်တန်းကို မတ် ၁၉ရက်တွင် ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်သည်။ အဆိုပါ အထူးသင်တန်းတွင်လည်း အခြေခံသရုပ်ဆောင်ဘာသာရပ်၊ ဓာတ်ညွှန်းနှင့် ဒါရိုက်တာပညာရပ်များကိုပါ သင်ကြားပေးမည်ဖြစ်ကြောင်း သိရှိရသည်။ (ကြေးမုံ)

ပုသိမ်အသင်း(ရန်ကုန်) ဂုဏ်ဝိသိဋ္ဌပူဇာသဘင်

ရန်ကုန် မတ် ၁၆

ရေဝတီတိုင်း၏ ဂုဏ်ဆောင်ဆရာတော်များ ဖြစ်တော်မူသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့၊ အကျိုးတော်ဆောင်ချုပ် ဘဒ္ဒန္တ ဩသဓာဘိဝံသနှင့် အဖွဲ့ဝင် ဘဒ္ဒန္တ ဝိသုတ၊ အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တ ကုမာရ သဒ္ဓမ္မဝေဒဂူစာသင်တိုက် ကညင်ချောင်းကျေးရွာ ဟိုင်းကြီးကျွန်းမြို့၊ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ သံဝရာဘိဝံသ ရွှေရေးဆောင်ပရိယတ္တိ စာသင်တိုက် ငါးသိုင်းချောင်းမြို့၊ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ တေဇနိယ၊ တပ်ဦးပရိယတ္တိ စာသင်တိုက် ဝါးယားချောင်းကျေးရွာ ပုသိမ်မြို့နယ်၊ ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ကောဝိဒ ကျောင်းထိုင်ဘုန်းကြီးသင်တန်းကျောင်း ပုသိမ်မြို့၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ အရိယဝံသ အောင်ဇေယျဘုန်းတော်ကြီးသင်ပညာရေးကျောင်း ဘုရားချောင်းကျေးရွာ ပုသိမ်မြို့နယ်၊ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ တိက္ခဉာဏ ကိုင်းချောင်း ပရိယတ္တိစာသင်တိုက် ဘုန်းတော်ကြီးသင် ပညာရေးကျောင်း ရေကြည်မြို့နယ်၊ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဩဘာသ အာသောကာ ရာမကျောင်း ကန့်ကော်ကန်ကျေးရွာ ကန်ကြီးဒေါင့်မြို့နယ်နှင့် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတဓရ ဦးစိုးဟန်လင်း ဥက္ကဋ္ဌ ပုသိမ်အသင်း(ရန်ကုန်)၊ သုဓမ္မသိင်္ဂီ ဘွဲ့တံဆိပ်တော်ရ ဒေါ်ယဉ်ယဉ်နု ရာသက်ပန်အသင်းဝင် ပုသိမ်အသင်း(ရန်ကုန်)တို့အား ထပ်ဆင့်ချီးကျူးဂုဏ်ပြုပူဇော်ပွဲကို ဧပြီ ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၈ နာရီခွဲတွင် အမှတ် (၂၁/၄၃)စီ ကြားတောရလမ်း ဗဟန်းမြို့နယ် ရန်ကုန်မြို့ရှိ ရေဝတီတိုင်းဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ ဥက္ကဋ္ဌ ဦးစိုးဟန်လင်း ဖုန်း-၀၉-၈၀ ၂၃၃၀၇၊ ဒုတိယ ဥက္ကဋ္ဌ ဦးသန်းအောင်လင်း ဖုန်း-၀၉- ၅၀၀ ၃၇၀၉၊ အတွင်းရေးမှူး ဦးကျော်ကျော်ဝင်း ဖုန်း-၀၉-၅၀၀ ၆၁၂၈၊ ဘဏ္ဍာရေးမှူး ဦးလေးတင့် ဖုန်း-၂၁၅၉၇၂၊ ပုသိမ်အသင်း(ရန်ကုန်) ဖုန်း-၃၇၉၂၅၈ နှင့်အမှုဆောင်များထံ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။ (က-ပ)

ဖခင်ကြီး ဦးတင်မြင့်အား ရည်စူး၍ ဝေပုလ္လ (၅) လမ်း (ဃ)ရပ်ကွက် မြောက်ဥက္ကလာပမြို့နယ်နေ ဇနီး ဒေါ်မြမေနှင့် သား၊ သမီး၊ မြေးတစ်စုက ဇီဝိတဒါန သံဃာ့ဆေးရုံကြီးသို့ ထာဝရနဝကမ္မ ငွေပဒေသာပင် အလှူငွေကျပ် တစ်သိန်း လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်ဦးဘဉာဏ် လက်ခံယူစဉ်။

ရှမ်းပြည်နယ်မှ ဘွဲ့တံဆိပ်တော်ရ ဆရာတော်များအား ဂုဏ်ပြုပူဇော် ကန်တော့မည်

ရန်ကုန်　　မတ်　　၁၆

ကမ္ဘောဇ သာသနာ့ဗိမာန် ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့က ကြီးမှူး၍ ရန်ကုန်ရောက် ရှမ်းပြည်နယ်သူ ပြည်နယ်သားများ၊ အသင်းအဖွဲ့များ ပူးပေါင်းလျက် ပြည်ထောင်စု မြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ ၁၃၆၉ ခုနှစ် သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်း ခံရသော ရှမ်းပြည်နယ်မှ ဆရာတော် ၃၅ ပါးနှင့် လူပုဂ္ဂိုလ် သုံးဦးတို့အား ဂုဏ်ပြုပူဇော်ပွဲကို မတ် ၂၂ ရက် (စနေနေ့) မွန်းလွဲ ၂ နာရီတွင် ဗဟန်းမြို့နယ် ရေတာရှည် လမ်းဟောင်းရှိ ကမ္ဘောဇသာသနာ့ဗိမာန်၌ ကျင်းပမည်ဖြစ်ပါသဖြင့် ကြွရောက်ကြည်ညို ကုသိုလ်ယူကြပါရန် ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (က-ပ)

ဘုရားဖြူ စာတော်ပြန်ပွဲ စာအောင်သံဃာ ဆုနှင်းပွဲ

ရန်ကုန်　　မတ်　　၁၆

ရန်ကုန်တိုင်းလုံးဆိုင်ရာ ဝိနယာနုဂ္ဂဟအသင်းကကြီးမှူး၍ နတ်တော်လတွင် ကျင်းပခဲ့သော (၇၆)ကြိမ်မြောက် ဘုရားဖြူ ဝိနည်းစာတော်ပြန်ပွဲ၏ ဆုနှင်းပွဲ အခမ်းအနားကို မတ် ၂၂ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်အတွင်း၌ ကျင်းပမည်ဖြစ်ရာ အမှုဆောင်များ၊ အသင်းဝင်များ၊ အလှူရှင်များ ကြွရောက်ကြည်ညို ကုသိုလ်ယူကြပါရန် နှိုးဆော်ထားကြောင်း သတင်းရရှိသည်။ (က-ပ)

အောင်စကြာဆရာတော် အရှင်စန္ဒသိရီ တရားဟောကြားမည်

ရန်ကုန်　　မတ်　　၁၆

ရန်ကုန်တိုင်း သာကေတမြို့နယ် အောင်စကြာ မိုးကုတ်ရိပ်သာကြီး၏ ပြည်တွင်း ပြည်ပ သာသနာပြု ဓမ္မကထိက မိုးကုတ်ဝိပဿနာအဖွဲ့ချုပ်နာယက အောင်စကြာဆရာတော် အရှင်စန္ဒသိရီ(ဓမ္မာစရိယ)သည် မတ် ၁၉ ရက်တွင် ဒေးဒရဲမြို့နယ် ရှမ်းစုကျေးရွာ ဓမ္မသဘင်၊ ၂၂ ရက်တွင် ဒဂုံမြို့သစ်မြောက်ပိုင်း (၅၀)ရပ်ကွက် သာသနရောင်ခြည်ဓမ္မာရုံ ဆွမ်းဆန်စိမ်းလောင်းလှူပွဲဓမ္မသဘင်၊ ၂၃ ရက်တွင် တွံတေးမြို့နယ် ချောင်းဝိုင်းကြီး ကျွန်းကလေးချောင်းဖျားကျေးရွာ ဦးထွန်းရီ ဒေါ်သင်းကြည်မိသားစု အလှူမင်္ဂလာဓမ္မသဘင်၊ ၂၆ ရက်တွင် သာကေတမြို့နယ် ၁/အနော်မာရပ်ကွက် ဦးလှဌေး ဒေါ်ခင်ဆွေဝင်းမိသားစု အလှူမင်္ဂလာဓမ္မသဘင်၊ ၂၈ ရက်တွင် သာကေတမြို့နယ် ၆/ရပ်ကွက် ရွှေပြည်သာလမ်း နှစ်ကျိပ်ရှစ်ဆူဓမ္မသဘင်၊ ၃၁ ရက်တွင် သာကေတမြို့နယ် ၇/ရပ်ကွက် နှစ်ကျိပ်ရှစ်ဆူဓမ္မာရုံဓမ္မသဘင်၊ ဧပြီ ၁၊ ၂၊ ၃ ရက်များတွင် မုဒုံမြို့ ဘုရားဒါယကာ ဦးရိုန်မိသားစုဓမ္မသဘင်၊ ၆ ရက်တွင် ကျိုက်ထိုမြို့ ဘိုရားကြီးကျေးရွာ ဦးစိန်မြင့် ဒေါ်ခင်မာစိုးမိသားစု အလှူမင်္ဂလာဓမ္မသဘင်တို့၌ သစ္စာလေးပါးတရားတော်များ ဟောကြားမည်ဖြစ်ပြီး ဆရာတော်နှင့် ဆက်သွယ်လိုပါက ဖုန်း-၅၄၇၀၂၈နှင့် ၀၉ ၅၁ ၄၇၃၈၂တို့သို့ ဆက်သွယ်နိုင်ကြောင်းသိရသည်။(က-ပ)

နယ်လှည့် သာသနာပြု ဓမ္မကထိက အရှင်ဝိနယာလင်္ကာရ၏ တရားပွဲဓမ္မသဘင်

ရန်ကုန်　　မတ်　　၁၆

ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် တောတိုက်ဓမ္မရိပ်သာ ကျောင်းတိုက်များ၏ ဦးစီးပဓာနနာယက၊ နိုင်ငံတော်ဩဝါဒါစရိယ ဆရာတော်ကြီး၏တပည့်ရင်း ကမ္မဋ္ဌာနာစရိယ၊ နယ်လှည့်သာသနာပြု ဓမ္မကထိက အရှင်ဝိနယာလင်္ကာရသည် မတ် ၁၉ ရက်နှင့် ၂၀ရက်တွင် သမိုင်းပုညကရိယအသင်း ဓမ္မသဘင်၊ မတ် ၂၁ နှင့် ၂၂ရက်တွင် ဧရာဝတီတိုင်း ဒေးဒရဲမြို့နယ် ကဝတ်ရေငံချောင်ကျေးရွာ ဗုဒ္ဓပူဇနိယဓမ္မသဘင်တို့၌ နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဟောကြားမည် ဖြစ်ကြောင်း သိရသည်။ (က-ပ)

အနှစ်သာရ အစစ်အမှန်

အကာဖြစ်သော ကာမဂုဏ်ကိလေသာ မကောင်းမှုဒုစရိုက်တရားတို့ကို တွယ်ကပ်မနေဘဲ အနှစ်အစစ်အမှန်ဖြစ်သော ကောင်းမှုကုသိုလ်တရားတို့ကို ပွားများနိုင်မှသာလျှင် သီလဂုဏ်ကျေးဇူးနှင့် ပြည့်စုံသော ကောင်းသောသုခ အနှစ်သာရအစစ်အမှန် ရပေလိမ့်မည်။ (ဓမ္မပဒ ၁၂)

အိန္ဒိယတပ်မတော်မှ ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ ရောက်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ သွားရောက်လေ့လာ

အိန္ဒိယတပ်မတော်မှ Director General of Military Operations Lieutenant General AS Sekhon, AVSM, YSM နှင့် ဇနီးတို့ ခေါင်းဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ် အဖွဲ့ဝင်များ သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာတွင် ကြည့်ရှုလေ့လာကြစဉ်။ (သတင်းစဉ်)

ရန်ကုန် မတ် ၁၆

အိန္ဒိယတပ်မတော်မှ Director General of Military Operations Lieutenant General AS Sekhon, AVSM, YSM နှင့် ဇနီးတို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် မတ် ၁၅ ရက်ညပိုင်းတွင် လေကြောင်းခရီးဖြင့် ရန်ကုန်မြို့သို့ ရောက်ရှိလာကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ကျော်ထွန်းနှင့် ဇနီး၊ တပ်မတော်အရာရှိကြီးများ၊ ပြည်ထောင်စု မြန်မာနိုင်ငံတော်ဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံရုံးမှ စစ်သံမှူး Colonel Manoj Mukund Naravane နှင့် တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

အိန္ဒိယတပ်မတော်မှ Director General of Military Operations Lieutenant General AS Sekhon, AVSM, YSM နှင့် ဇနီးတို့ ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့သည် တာဝန်ရှိသူများ လိုက်ပါလျက် မတ် ၁၆ ရက် နံနက်ပိုင်းတွင် သာကေတမြို့နယ်ရှိ ပြည်ထောင်စု တိုင်းရင်းသားကျေးရွာသို့ သွားရောက်ကြည့်ရှု လေ့လာကြရာ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဖြင့် ဧည့်ခံဖျော်ဖြေကြပြီး တိုင်းရင်းသားကျေးရွာအတွင်း တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ (သတင်းစဉ်)

ဆရာတော်အရှင်ဇဝန(ပဲခူး)၏ ဓမ္မသဘင်များ

ရန်ကုန်　မတ်　၁၆

ရန်ကုန်မြို့ သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ ရန်ကုန်သစ်ရပ်ကွက် သုဝဏ္ဏမြို့ဦးစေတီအနီး စံရိပ်ငြိမ်ကျောင်းဆရာတော် အရှင်ဇဝန(ပဲခူး)သည် မတ် ၁၇၊ ၁၈ရက်တို့တွင် ညောင်လေးပင်မြို့နယ် ညောင်ပင်သာရွာ ဦးသန်းအောင်(၂)နှစ်ပြည့်၊ ၁၉၊ ၂၀ ရက်တို့တွင် ကျုံပျော်မြို့နယ် မိုးကြိုးပစ်ရွာဘုရားပွဲ၊ ၂၁ရက်တွင် ကျိုက်ဝိုင်းဒက္ခိဏာရုံ၊ ၂၂ရက်တွင် ထုံးကြီးစံပြကျေးရွာ ဘုရားပွဲ၊ ၂၃၊ ၂၄ရက်တို့တွင် ပေါက်တောရွာ ဦးတင်ဋ္ဌေ-ဒေါ်တိုးရီ သိက္ခာထပ်ရဟန်းခံရှင်ပြု၊ ၂၆ ရက်တွင် အုတ်တွင်းမြို့နယ် ဥယျာဉ်တော်ရွာ၊ ၂၇၊ ၂၈ရက်တို့တွင် ဆူးကလာပ် ရေကျော်ရွာ မလွန်ဆန်လှူ၊ ၂၉၊ ၃၀ရက်တို့တွင် ပျဉ်းကတိုးရွာ မလွန်ဆန်လှူ၊ ၃၁ ရက်တွင် သန်လျက်စွန်း ရေတပ်စခန်း၊ ဧပြီ ၁ ရက်တွင် ရွှေဘုံသာအောက်လမ်း၊ ၂ ရက်တွင် ကော့မှူးအောက်ကျောင်းရွာ တရားစခန်းသိမ်းပွဲ၊ ၃ ရက်တွင် တောင်ဒဂုံ (၁၈/က)ကွေ့၊ ၄ ရက်တွင် လာဝတီရွာ မလွန်ဆန်လှူ၊ ၅ ရက်တွင် သမိုင်းဘုရင့်နောင်ဈေး ဓမ္မသဘင်တို့၌ တရားဓမ္မများ ဟောကြားမည်ဖြစ်ပြီး ဖုန်း-၀၁-၇၀၉၆၀၈သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် အမှတ်ပေးဟော်ကီပြိုင်ပွဲ ဆက်လက်ကျင်းပ

ရန်ကုန်　　မတ်　　၁၆

၂၀၀၈ ခုနှစ် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌဖလား အမျိုးသားပတ်လည် အမှတ်ပေးဟော်ကီပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ နိုင်ငံတကာအဆင့်မီ မြက်ခင်းတုဟော်ကီကွင်း၌ ကျင်းပလျက်ရှိရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်အသင်းက အရှေ့တောင်တိုင်းစစ်ဌာနချုပ်အသင်းကို သုံးဂိုး-ဂိုးမရှိဖြင့်နိုင်ပြီး ညနေပိုင်းပြိုင်ပွဲတွင် တပ်မတော်ဟော်ကီကော်မတီအသင်းက အနောက်တောင်တိုင်းစစ်ဌာနချုပ်အသင်းကို ၁၀ ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ယင်းဟော်ကီပြိုင်ပွဲသို့ အသင်း ၁၁ သင်း ပါဝင်ယှဉ်ပြိုင်လျက်ရှိပြီး ယနေ့ညနေပိုင်း ပြိုင်ပွဲပြီးဆုံးသည်အထိ အောက်ပါအတိုင်း အမှတ်များရရှိထားကြသည်-

စဉ်	အသင်းအမည်	ပွဲ	နိုင်	သရေ	ရှုံး	ရမှတ်
၁	ရန်ကုန်တိုင်းစစ်ဌာနချုပ်	၄	၃	၁	-	၁၀
၂	တပ်မတော်ဟော်ကီကော်မတီ	၄	၃	-	၁	၉
၃	အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်	၃	၃	-	-	၉
၄	တပ်မတော်(ရေ)	၃	၂	၁	-	၇
၅	အမှတ်(၁၁)ခြေမြန်တပ်မဌာနချုပ်	၃	၂	-	၁	၆
၆	တပ်မတော်(လေ)	၃	၂	-	၁	၆
၇	တြိဂံဒေသတိုင်းစစ်ဌာနချုပ်	၃	၁	-	၂	၃
၈	အနောက်တောင်တိုင်းစစ်ဌာနချုပ်	၃	၁	-	၂	၃
၉	မြန်မာနိုင်ငံရဲတပ်ဖွဲ့	၄	-	၁	၃	၁
၁၀	ရန်ကုန်လူငယ်	၄	-	၁	၃	၁
၁၁	အရှေ့တောင်တိုင်းစစ်ဌာနချုပ်	၃	-	-	၃	၀

အမှတ်ပေး ဟော်ကီပြိုင်ပွဲများကို မတ် ၃၁ ရက်အထိ နေ့စဉ် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ပြီး ပရိသတ်များ အခမဲ့ ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၇-၃-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနှားဝင်
၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
၇:၅၅ ၈။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၅ ၃။ အမျိုးသားရေးတေးကဗျာ
၄:၂၀ ၄။ ချိုမြလက်သံငြိမ့်ညောင်းဟန်
၄:၃၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၄၅ ၆။ မျိုးချစ်တပ်မတော်
၄:၅၀ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၂၀ ၈။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၅:၃၀ ၉။ ဗီစီဒီကျော်ကြားတေးများ
၅:၄၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆:၃၅ ၁၄။ လျှပ်တစ်ပြက်ရိုက်ချက်
၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ပျော်ရွှင်ပါစေ (အပိုင်း-၆)**
၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
၁၇။ မိုးလေဝသသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ မေးမြန်းစူးစမ်း
၂၀။ သီဆိုဖြေဖျော်တစ်ကိုယ်တော်
၂၁။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၂။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဘဝဇာတ်ခုံ (အပိုင်း-၂)**
၂၃။ သင့်အတွက်မနက်ဖြန်
၂၄။ အပိတ်နှုတ်ဆက်စကား
၂၅။ ပြီးပါပြီ။

အိုဘားမားထက် ကလင်တန် သမ္မတဖြစ်လာမည်ကို ရုရှားပြည်သူများက ပိုမိုလိုလားဟု စစ်တမ်း၌ ဖော်ပြ

မော်စကို မတ် ၁၅

ရုရှားနိုင်ငံသားများအနေဖြင့် အမေရိကန်နိုင်ငံတွင် မည်သူသမ္မတဖြစ်လာသည်ကို ပိုမိုလိုလားသနည်းဟူသော လူထုသဘောထားစစ်တမ်း ကောက်ယူမှုတစ်ခုကို မကြာမီက ပြုလုပ်ခဲ့သည်။ ထိုလေ့လာချက်အရ ရုရှားနိုင်ငံသားများသည် ဆီနိတ်တာ ဘာရက်အိုဘားမား သမ္မတဖြစ်လာသည်ထက် ဆီနိတ်တာ ဟီလာရီကလင်တန် သမ္မတဖြစ်လာသည်ကို ပိုမိုလိုလားကြောင်း ထုတ်ဖော်ခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ လူထုသဘောထားကောက်ယူမှု စစ်တမ်းကို ရုရှားနိုင်ငံလုံးဆိုင်ရာ ပြည်သူ့သဘောထား ကောက်ယူရေး သုတေသန ဗဟိုဌာနက ပြုလုပ်ခြင်းဖြစ်သည်။ ဖေဖော်ဝါရီလလယ်ပိုင်းက ပြုလုပ်သော စစ်တမ်းတွင် ပြည်သူ ၁၆၀၀ တို့ထံမှ သဘောထားရယူ လေ့လာခဲ့သည်။ ထိုသို့ လေ့လာရာ၌ ၁၉ ရာခိုင်နှုန်းက ကလင်တန်ကို မဲပေးမည်ဖြစ်ကြောင်း ဖြေကြားကာလေးရာခိုင်နှုန်းကသာ အိုဘားမားကို မဲပေးမည်ဖြစ်ကြောင်း ပြန်ကြားသည်။ တစ်ရာခိုင်နှုန်းသော ဖြေကြားသူများကမူ အခြားတစ်ဦးဦးကိုသာ မဲပေးလိုကြောင်း သဘောထားပေးကြသည်။

စစ်တမ်းရယူရာတွင် ရုရှားနိုင်ငံရှိ ဒေသပေါင်း ၁၃၅ ခုမှ နမူနာများကို ရယူ၍ ပြုစုခြင်းဖြစ်သည်။ အမေရိကန်ရှိ ပါတီအလိုက်ကြည့်လျှင်မူ မည်သည့်ပါတီမှ သမ္မတဖြစ်လာသည်ကို လိုလားပါသနည်းဟူသော မေးခွန်းကိုလည်း မေးမြန်းထားသည်။ ထိုမေးခွန်းကို ဖြေကြားရာ၌ ၁၉ ရာခိုင်နှုန်းက ဒီမိုကရက်တစ်ပါတီမှ သမ္မတ ဖြစ်လာသည်ကို လိုလားကြောင်း ပြန်ကြားပြီး လေးရာခိုင်နှုန်းကသာ ရီပတ်ဘလီကန်ပါတီကို ထောက်ခံမှု ပေးကြသည်။

အမ်အင်အေ၊ ဆင်ဟွာ။

အမေရိကန်နှင့်အပေါင်းပါတို့ အီရတ်နိုင်ငံကို ကျူးကျော်ခဲ့သည့် ငါးနှစ်မြောက် နှစ်ပတ်လည်နေ့တွင် လော့စ်အိန်ဂျလိစ်မြို့၌ အီရတ်စစ်ဆန့်ကျင်သူများ ကန့်ကွက်ဆန္ဒပြကြစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရန်၊ အီရတ်နှင့် တူရကီ ပူးပေါင်း၍ သူပုန်များအား နှိမ်နင်းသင့်ဟု အီရန်သမ္မတ ပြောကြား

ဒါကာ မတ် ၁၅

အီရန်သမ္မတ မာမွတ်အာမက် ဒီနီဂျက်က အီရန်၊ အီရတ်နှင့် တူရကီနိုင်ငံတို့သည် သူပုန်များကို ပူးတွဲနှိမ်နင်းသင့်ကြောင်း၊ ထို့သို့ နှိမ်နင်းရာတွင် တစ်နိုင်ငံနှင့် တစ်နိုင်ငံ နယ်မြေပိုင်ဆိုင်မှုကို လေးစား၍ အရပ်သားများကိုလည်း ထိခိုက်ဒဏ်ရာ မရစေရန်လိုအပ်ကြောင်းကြာသပတေးနေ့က ပြောကြားလိုက်သည်။

ထိုးစစ်ဆင်

အီရတ်အာဏာပိုင်များသည် ခွဲထွက်ရေးဝါဒီ ကာ့ဒ်(ပီကေကေ) သူပုန် ၃၀၀၀ ခန့်က တူရကီ နယ်မြေကို ဝင်ရောက်တိုက်ခိုက်နေခြင်းအား တားဆီးနိုင်ခြင်း မရှိကြောင်း အကြောင်းပြပြီးနောက် တူရကီသည် အီရတ်နိုင်ငံမြောက်ပိုင်းရှိ ကာ့ဒ်သူပုန်များကို လွန်ခဲ့သောလက ရှစ်ရက်ကြာ ထိုးစစ်ဆင်နွှဲခဲ့သည်။

တိုးမြှင့်

အီရန်တပ်ဖွဲ့များသည် အီရတ်နယ်စပ်တွင် ပီကေကေသူပုန် အဆွယ်အပွားများနှင့် မကြာခဏ ပစ်ခတ်မှုဖြစ်ပွားလေ့ရှိသည်။ တူရကီ ထိုးစစ်ကြောင့် ပီကေကေသူပုန်များ အီရန်နယ်မြေအတွင်းသို့ ဝင်ရောက်ခိုလှုံလာမည်စိုးသောကြောင့် နယ်စပ်တွင် အီရန်တပ်ဖွဲ့ကို တိုးမြှင့်ချထားခြင်းဖြစ်သည်။

ပူးပေါင်းဆောင်ရွက်

ဆီနီဂေါနိုင်ငံ ဒါကာမြို့တော်တွင် ကျင်းပလျက်ရှိသော ၅၇နိုင်ငံ အစ္စလာမ်ညီလာခံအဖွဲ့(အိုင်စီအို) ဆွေးနွေးပွဲတွင် မိန့်ခွန်းပြောကြားရာ၌ အာမက်ဒီနီဂျက်က ထိုသုံးနိုင်ငံသည် ပီကေကေ ခွဲထွက်ရေးသူပုန်များကို နှိမ်နင်းရာတွင် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ထည့်သွင်းပြောကြားသည်။

ထို့အပြင် နယ်မြေပိုင်ဆိုင်မှုကို မထိခိုက်စေရန်နှင့် အရပ်သားများကိုလည်း မထိခိုက်စေရန်သတိပြု ဆောင်ရွက်ရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။***အမ်အင်အေ၊ ရိုက်တာ။***

၁၀ မိနစ်မှ မိနစ် ၃၀အထိ ကိုယ်လက်လှုပ်ရှားလေ့ကျင့်က အဝလွန် အမျိုးသမီးများအား ကျန်းမာရေး ကောင်းမွန်စေ

ချီကာဂို မတ် ၁၅

တစ်နေ့လျှင် အနည်းဆုံး ၁၀မိနစ်မှ မိနစ် ၃၀ အထိ ကိုယ်လက်လှုပ်ရှားလေ့ကျင့်ခန်းလုပ်ခြင်းသည် အဝလွန်၍ အရွယ်ထောက်လာသည့် အမျိုးသမီးများကို ၎င်းတို့၏ဘဝခရီးတွင် အလုပ်ကို ပိုမိုလုပ်ကိုင်နိုင်စေသည်၊ ခံစားမှု အာရုံပို၍ ကောင်းစေသည်ဟု အမေရိကန် သုတေသနပညာရှင်များက မတ် ၁၃ ရက်တွင် ပြောကြားသည်။

၁၀ မိနစ်

တစ်ရက်လျှင် ကာယလေ့ကျင့်ခန်းကို ၁၀ မိနစ်မျှလုပ်သော အမျိုးသမီးများသည်ပင်လျှင် စွမ်းအားတွေ ပိုလာခြင်း၊ စိတ်လှုပ်ရှားမှု နည်းလာခြင်းနှင့် ပို၍ပျော်ရွှင်လာခြင်း စသည့်ဘဝ၏ အရည်အသွေးကောင်းများကို ခံစားရသည့် အကျိုးများလာကြောင်း ၎င်းပညာရှင်များက ပြောသည်။ ကျန်းမာရေးကောင်းမွန်ပြီး ပုံပျက်ပန်းပျက်ဖြစ်နေသော အမျိုးသမီးများကို ဘဝ၏အရည်အသွေးများ တိုးတက်လာစေရန် လေ့ကျင့်ခန်းကို အချိန်မည်မျှကြာစွာ လုပ်ရမည်ကို လေ့လာခြင်းဖြစ်ကြောင်း လူဝီစီယားနားပြည်နယ် ပီနင်တန် ဇီဝဆေးပညာသုတေသနဌာနမှ ဒေါက်တာတီမိုသီချဒ်က ပြောကြားသည်။

ဒေါက်တာချဒ်နှင့် သုတေသနပညာရှင်များသည် ၎င်းတို့၏ တွေ့ရှိချက်များကို အမေရိကန် နှလုံးရောဂါအဖွဲ့၏ အာဟာရ၊ ကိုယ်လက်လှုပ်ရှားမှု၊ ခန္ဓာကိုယ်တွင်းဓာတ်များ ပေါင်းစပ်ပြောင်းလဲမှု ညီလာခံတွင် တင်ပြပြီး အမေရိကန်ဆေးပညာအဖွဲ့၏ ဂျာနယ်တွင်လည်း ရေးသားဖော်ပြထားသည်။

အမ်အင်အေ၊ ရိုက်တာ။

ဆီးရီးယားတွင် ကားမှောက် ကျောင်းသား ၂၃ ဦးသေဆုံး

ဒမတ်စကတ် မတ် ၁၅

ဆီးရီးယားနိုင်ငံ တာတောက်(စ်) ပြည်နယ်တွင် အပန်းဖြေခရီးထွက်လာသော အထက်တန်းကျောင်းသားများ လိုက်ပါလာသည့် ဘတ်(စ်)ကားတစ်စီး မတ် ၁၄ ရက်က တိမ်းမှောက်ပြီး အိမ်တစ်လုံးကို ဝင်တိုက်မိရာမှ ကျောင်းသား ၂၃ ဦး သေဆုံးသွားကြောင်း တာဝန်ရှိသူများက ပြောကြားသည်။

ယင်းကဲ့သို့ တိုက်မိသောကြောင့် အိမ်ပိုင်ရှင်မှာလည်း သေဆုံးသွားသည်။ ဒဏ်ရာရရှိသူ ၃၅ ဦးရှိပြီး ကျောင်းသားအများစု ပါဝင်ကြောင်း ၎င်းအရာရှိများက ထပ်မံပြောကြားသည်။

ဘတ်(စ်)ကားသည် အရှိန်ပြင်းစွာမောင်းလာပြီး ကွေ့အရောက်တွင် အရှိန်မထိန်းနိုင်ဘဲ မှောက်သွားခြင်းဖြစ်ကြောင်း အရာရှိတစ်ဦးက ရိုက်တာသတင်းဌာနသို့ ပြောကြားသည်။

အမ်အင်အေ၊ ရိုက်တာ။

တရုတ်နိုင်ငံ ရှန်ကျင့်ဆိပ်ကမ်းတွင် သရုပ်ပြမောင်းနှင်နေသော မြန်နှုန်းမြင့် မော်တော်ဘုတ် တစ်စင်းကို မတ် ၁၄ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

တူနီးရှားနိုင်ငံ တစ်နေရာတွင် အဖမ်းခံထားရသော ဩစတြီးယားလူမျိုး ခရီးသည် ဝုဂန်အက်နာနှင့် အန်ဒရေကလိုင်ဘာတို့အား အကြမ်းဖက်သမားအချို့နှင့်အတူ မတ် ၁၄ ရက်က လွှင့်ထုတ်သော သတင်းဓာတ်ပုံတွင် တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ရေနံပိုက်လိုင်း ဖုံးခွဲရန် ကြံစည်မှု ကနေဒါနိုင်ငံသား ဝန်ခံထွက်ဆို

ဖိုးနစ် မတ် ၁၅

၂၀၀၀ ပြည့်နှစ် နှစ်သစ်ကူးနေ့တွင် အလာစကာ ပြည်နယ်ကို ဖြတ်၍ ဖောက်ထားသော ရေနံပိုက်လိုင်းအား ဖုံးခွဲရန် ကြံစည်မှုဖြင့် စွပ်စွဲခံထားရသော ကနေဒါ နိုင်ငံသားတစ်ဦးသည် အပြစ်ရှိကြောင်း ကြာသပတေးနေ့က ဝန်ခံလိုက်သည်။

ဗြိတိသျှ ကိုလံဘီယာမှ အသက်(၅၈) နှစ်ရှိ အယ်လ်ဖရက် ရှူးမေသည်အကြမ်းဖက်သမားများကိုအထောက်အပံ့ပေးခြင်း၊ နိုင်ငံနယ်နိမိတ်ကို ကျော်လွန်၍ အားပေး အားမြှောက်ပြုခြင်းများ ပြုလုပ်ခဲ့သည်ဟု နယူးမက္ကဆီကိုဆန်ကာရှိ အမေရိကန် ခရိုင် တရားရုံးတွင် အပြစ်ရှိကြောင်း ဝန်ခံသည်။

အမေရိကန်နှင့် ကနေဒါ ရဲတပ်ဖွဲ့များ ပူးပေါင်း၍ စုံစမ်းထောက်လှမ်းပြီး ၁၉၉၉ ခုနှစ် ဩဂုတ်လတွင် ရှူးမေကို ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။

ရဲများက ရှူးမေသည် အလာစကာ ရေနံပိုက်လိုင်းကို ဖုံးခွဲရန် အမေရိကန်နိုင်ငံသားတစ်ဦးကို စည်းရုံးခဲ့ကြောင်း စွပ်စွဲသည်။

အလာစကာ ရေနံပိုက်လိုင်းသည် မိုင် ၈၀၀ (ကီလိုမီတာ ၁၃၀၀) ရှည်လျားပြီး အန္တာတိတ် သမုဒ္ဒရာ၊ ပရူဟိုး ပင်လယ်အော်မှ အလာစကာ ပင်လယ်ကွေ့၊ ဘာဂ်ဒက်စ်အထိ သွယ်တန်းထားသော ရေနံ ပိုက်လိုင်း ဖြစ်သည်။

အမ်အင်အေ၊ ရိုက်တာ။

နယူးယောက်မြို့ မင်ဟက်တန်တွင် ဆောက်လုပ်ရေးကရိန်းပြိုကျ လေးဦးသေ၍ အများအပြားဒဏ်ရာရ

နယူးယောက် မတ် ၁၆

အမေရိကန်နိုင်ငံ နယူးယောက်မြို့ မင်ဟက်တန်တွင် ၂၅ထပ် အဆောက်အအုံတမျှမြင့်သော ဆောက်လုပ်ရေးလုပ်ငန်းသုံး ကရိန်းစင်တစ်ခု မတ် ၁၅ရက်က ပြိုကျရာ အနည်းဆုံး လေးဦးသေဆုံးပြီး အများအပြား ဒဏ်ရာရရှိသွားကြောင်း နယူးယောက်မြို့ အာဏာပိုင်အဖွဲ့က ပြောကြားသည်။

သေဆုံးသူလေးဦးစလုံးမှာ ဆောက်လုပ်ရေးလုပ်သားများဖြစ်ပြီး ဒဏ်ရာရရှိသူများအနက် အချို့အခြေအနေမှာ ဆိုးရွားကြောင်း သိရသည်ဟု မြို့တော်ဝန် မိုက်ကယ်ဘလွန်းဘာ့ဂ်က ပြောကြားသည်။

ကရိန်းကြီးမှာ နှစ်ပိုင်းကျိုးသွားပြီး အနီးရှိ အဆောက်အအုံလေးခုကို ထိခိုက်ခဲ့ပြီး အဆောက်အအုံတစ်ခုမှာမူ လုံးဝပျက်စီးသွားရသည်။

လုံးဝပျက်စီး

လုံးဝပျက်သွားသော အဆောက်အအုံမှာ လူအများအပြား လာရောက်စားသောက်လေ့ရှိသည့် စားသောက်ဆိုင်ဖွင့်လှစ်ထားသော ငါးထပ် အဆောက်အအုံဖြစ်သည်။ ကရိန်းပြိုကျချိန်တွင် ယင်းစားသောက်ဆိုင်မှာ မဖွင့်လှစ်ရသေးသဖြင့် အသေအပျောက် နည်းပါးသွားရခြင်းဖြစ်သည်။

ယခုအခါ အဆောက်အအုံပြိုကျသွားရာနေရာတွင် မီးသတ်သမား ၃၀၀ကျော်၊ ရဲတပ်ဖွဲ့ဝင် ၁၅၀နှင့် ကယ်ဆယ်ရေးလုပ်သားအများအပြားသည် ကယ်ဆယ်ရေးနှင့် ရှာဖွေရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။ ရဲခွေးများဖြင့် ပိတ်မိနေသူများကို ရှာဖွေလျက်ရှိသကဲ့သို့ အသံနားထောင်နိုင်သည့် ကိရိယာများသုံး၍လည်း ပိတ်မိနေသူများကို ကယ်ဆယ်ရန် ကြိုးပမ်းလျက်ရှိသည်။

အမ်အင်အေ၊ဆင်ဟွာ။

အမေရိကန်နိုင်ငံ နယူးယောက်မြို့ မင်ဟက်တန်တွင် ကရိန်းကြီးတစ်ခုပြိုကျပြီးနောက် ကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်နေသည်ကို မတ် ၁၅ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

မြောက်အိုင်ယာလန် ငြိမ်းချမ်းရေးကိစ္စတွင် ဟီလာရီကလင်တန်ပါဝင်ခဲ့ဟု အိုဘားမားကိုချေပပြောကြား

ပစ်စဘတ် မတ် ၁၆

မြောက်အိုင်ယာလန်၏ငြိမ်းချမ်းရေးကိစ္စကို ဆောင်ကြဉ်းရာ၌ သူမသည် တစ်ခန်း တစ်ကဏ္ဍမှပါဝင်ခဲ့ကြောင်း ဟီလာရီကလင်တန်က ဘာရက်အိုဘားမား၏ စွပ်စွဲချက်ကို မတ် ၁၅ရက်တွင် ချေပပြောကြားလိုက်သည်။

ကလင်တန်သည် နိုင်ငံခြားရေးကိစ္စများတွင်အတွေ့အကြုံရှိသူဖြစ်ကြောင်း ပြောဆိုနေခြင်းသည် အခြေအနေမှန်ကို ပုံကြီးချဲ့ကာ ဖော်ပြနေခြင်းသာဖြစ်သည်ဟု အိုဘားမားက မဲဆွယ်ရာ၌ ထိုးနှက်ခဲ့သည်။

အိုဘားမား၏ပြောဆိုစည်းရုံးမှုများသည် မိမိအား အသေးအဖွဲကိစ္စများပါမကျန် နောက်ကြောင်းကို လေ့လာ၍ အပြစ်ရှာဝေဖန်နေခြင်းသာဖြစ်သည်ဟု ကလင်တန်ကပြောကြားသည်။

မြောက်အိုင်ယာလန်တွင် ငြိမ်းချမ်းရေးရရှိရန်အတွက် ၁၉၉၈ခုနှစ်က သမ္မတ ကလင်တန်သည် ကြားလူအနေဖြင့် ပါဝင်ဆောင်ရွက်ခဲ့သည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ခင်ပွန်းသည်၏ လုပ်ငန်းကို သမ္မတကတော်အနေဖြင့်လည်း ပါဝင်ပံ့ပိုးခဲ့သည်ကို ရည်ညွှန်းကာ ဟီလာရီကလင်တန်နှင့် အိုဘားမားတို့ အပြန်အလှန် ငြင်းခုံနေကြခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။



မတ် ၁၅ ရက်က အစ္စလာမ္မာဘတ်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဒဏ်ရာရရှိသွားသော နိုင်ငံခြားသားနှစ်ဦးကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အစ္စလာမ္မာဘတ်မြို့၌ ဗုံးပေါက်ကွဲ နိုင်ငံခြားသူတစ်ဦးသေဆုံး၊ ၁၁ ဦးဒဏ်ရာရ

အစ္စလာမ္မာဘတ် မတ် ၁၆

ပါကစ္စတန်မြို့တော်အစ္စလာမ္မာဘတ်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် မတ် ၁၅ ရက်က ဗုံးတစ်လုံးပေါက်ကွဲသွားရာ နိုင်ငံခြားသူအမျိုးသမီးတစ်ဦး သေဆုံးပြီး အမေရိကန်သံဝန်ထမ်းတို့ ဒဏ်ရာရရှိသွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

အခင်းဖြစ်ပွားမှုတွင် သေဆုံးသွားသူမှာ ကယ်ဆယ်ရေးအေဂျင်စီတွင် တာဝန်ထမ်းနေသူ တူရကီအမျိုးသမီးဖြစ်ပြီး ဒဏ်ရာရရှိသွားသူ ၁၁ ဦးအနက် ရှစ်ဦးမှာ နိုင်ငံခြားသားများဖြစ်ကြောင်း ရဲတပ်ဖွဲ့မှ ဒုတိယရဲမင်းကြီး ရှာဟစ်နာဒမ်ဘာလောချ်က ပြောကြားသည်။

သေဆုံးသူအမျိုးသမီး၏အလောင်းကို ဆေးရုံသို့ ယူသွားသည်။ ထိုဆေးရုံမှ လာသောသတင်းအရ သေဆုံးသူအမျိုးသမီးမှာ အမေရိကန်သံရုံး၌ တာဝန်ထမ်းဆောင်နေသော သူနာပြုတစ်ဦးဖြစ်သည်ဟု ဆိုသည်။

ဒဏ်ရာရရှိသွားသူများတွင် အမေရိကန်သံရုံးဝန်ထမ်းများပါဝင်ကြောင်း အတည်ပြုသော်လည်း သေဆုံးမှုကိုမူ သံရုံးပြောရေးဆိုခွင့်ရှိသူ အမျိုးသမီးကေးမေဖီးက ထုတ်ဖော်ပြောကြားခြင်းမရှိပေ။

ယခုနှစ်အတွင်းပါကစ္စတန်နိုင်ငံ၌ ဖြစ်ပွားသော ဗုံးခွဲမှုနှင့် ဆူပူသောင်းကျန်းမှုများကြောင့် သေဆုံးရသူ ပြည်သူဦးရေမှာ ၅၀၀ ကျော်သွားပြီဖြစ်ကြောင်းသတင်းက ဖော်သည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်တွင် ခြစားအကျင့်ပျက်မှုများနှင့် စပ်လျဉ်း၍ ဆန္ဒပြကန့်ကွက်

မနီလာ မတ် ၁၅

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့တော်တွင် မတ် ၁၄ ရက်က အင်အား ၅၀၀ မျှရှိသော ပြည်သူများသည် ခြစားအကျင့်ပျက်မှုတွင် ပါဝင်ပတ်သက်နေသည့်အတွက် သမ္မတအားရာထူးမှ ထွက်ပေးရန် တောင်းဆိုကြသည်။

ချီတက်ဆန္ဒပြ

ဆိုင်းဘုတ်များနှင့် အလံများကို ကိုင်ဆောင်ကာ ကြွေးကြော်သံများ ဟစ်အော်လျက် ပရိသတ်များ ချီတက်ဆန္ဒပြကြသည်။

အာရိုယို၏ အစိုးရအဖွဲ့သည် လာဘ်စားမှု၊ ခြစားမှု အပြစ်များကို တာဝန်ခံရမည်ဖြစ်ကြောင်း၊ သမ္မတနုတ်ထွက်သည်အထိဆက်လက်ဆန္ဒပြသွားမည်ဖြစ်ကြောင်း လူ့ပ်ရှားမှုအဖွဲ့မှ ခေါင်းဆောင် ရော်နယ်ဒိုလမ်ဘာအိုကြာ ပြောကြားသည်။

ပြီးခဲ့သော သီတင်းနှစ်ပတ်ကျော်က ပြုလုပ်သော အာရိုယိုဆန့်ကျင်ရေးဆန္ဒပြပွဲတွင် တက်ရောက်သော ပရိသတ်အင်အားမှာ ၃၀၀၀၀မှ ၅၀၀၀၀ အထိရှိမည်ဟု ခန့်မှန်းသည်။ ယခုပြုလုပ်သော ဆန္ဒပြပွဲ၌ ပရိသတ် နည်းပါးရခြင်းမှာ အီစတာပွဲတော် အားလပ်ရက်ကာလနှင့် တိုက်ဆိုင်နေခြင်းနှင့် ဆန္ဒပြပွဲ အရှိန်အဟုန် လျော့ပါးလာခြင်းကြောင့်ဖြစ်သည်ဟု လေ့လာဆန်းစစ်သူများက သုံးသပ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဖိလစ်ပိုင်နိုင်ငံတွင် ဆန္ဒပြကန့်ကွက်သူများအား မတ် ၁၄ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ကြေးမုံ The Mirror

နိုင်ငံတကာရေးရာ သတင်းများ

အီရတ်တွင် မာဒီတပ်ဖွဲ့ဝင်များနှင့် ရဲတို့ပစ်ခတ်မှုဖြစ် မာဒီတပ်ဖွဲ့ဝင်ဒါဇင်များစွာ အဖမ်းရ

ကွတ် မတ် ၁၆

အီရတ်နိုင်ငံတောင်ပိုင်း ကွတ်မြို့တွင် ရှီးယိုက်ခေါင်းဆောင်မိုတာဒါအယ်ဆာဒါးကို ထောက်ခံသော မာဒီလက်နက်ကိုင်များနှင့် အီရတ်ရဲတပ်ဖွဲ့တို့ ပစ်ခတ်ကြပြီးနောက် ရဲတပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးသွားသည်။ ယင်းကိစ္စကို အကြောင်းပြု၍ မာဒီတပ်ဖွဲ့ဝင် အများအပြားကို အီရတ်ရဲတို့က ဖမ်းဆီးခဲ့သည်။

လောလောဆယ်အခြေအနေတွင် ပစ်ခတ်တိုက်ခိုက်မှုသည် ဘဂ္ဂဒက်၏ အရှေ့တောင်ဘက် ၁၀၅မိုင်အကွာကွတ်မြို့၌သာ ဖြစ်ပွားနေသေးသည်။ အီရတ်တပ်ဖွဲ့များနှင့် ဆာဒါး၏ နောက်လိုက်များသည် အပစ်အခတ် ရပ်စဲရေးကိစ္စကို သဘောတူလက်ခံထားခဲ့ကြသည်။ သို့သော်ယခု ဖြစ်ရပ်ကြောင့် အပစ်အခတ်ရပ်စဲရေး ပျက်ပြားသွားမည်ကို စိုးရိမ်ပူပန်နေကြသည်။

လူများစု ရှီးယိုက်နှင့် လူနည်းစု ဆွန်နီများအကြားဆူပူမှုများ လျော့ပါးသွားစေရန်နှင့် လုံခြုံရေးတပ်ဖွဲ့များနှင့် ဖြစ်ပွားနေသော တိုက်ခိုက်မှုများ ပပျောက်သွားစေရန် ဆာဒါးတပ်ဖွဲ့ဝင်များနှင့် အပစ်အခတ်ရပ်စဲရေးသဘောတူထားသည်မှာ ခုနစ်လရှိသွားပြီဖြစ်သည်။

အပစ်အခတ်ရပ်စဲရေးကိစ္စကို လိုက်နာရန်၌ စောင့်ထိန်းရမည့်စည်းကမ်းကို ခေါင်းဆောင်ဆာဒါးက သတ်မှတ်ပေးထားပြီးဖြစ်သည်။ ယင်းစည်းကမ်းမှာ ဆာဒါးတပ်ဖွဲ့ဝင်များအနေဖြင့် အတိုက်ခိုက်ခံရပါက ပြန်လည်ခုခံနိုင်ခွင့်ရှိသည်ဟူသော စည်းကမ်းပင်ဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်စစ်ပွဲ ငါးနှစ်ပြည့် နှစ်ပတ်လည်နေ့ ဗြိတိန်၌စစ် ဆန့်ကျင်သူများ ဆန္ဒပြ

လန်ဒန် မတ် ၁၆

အီရတ်စစ်ပွဲစတင်ဖြစ်ပွားသည့် ငါးနှစ်မြောက်နှစ်ပတ်လည်နေ့ အခမ်းအနားတွင်ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ စစ်ဆန့်ကျင်သူထောင်ပေါင်းများစွာတို့ မတ် ၁၅ရက်က ချီတက်ဆန္ဒပြခဲ့ကြသည်။

လန်ဒန်မြို့တွင်သာမက စကော့တလန်နိုင်ငံ ဂလပ်စဂိုမြို့၌လည်း စစ်ပွဲဆန့်ကျင်ရေးသမားများသည် စီတန်းလှည့်လည် ဟစ်ကြွေးခဲ့ကြသည်။

အာဖဂန်နစ္စတန်နိုင်ငံနှင့် အီရတ်နိုင်ငံသို့စေလွှတ်ထားသော ဗြိတိန်တပ်ဖွဲ့များကို ရုပ်သိမ်းရန် ၎င်းတို့က တောင်းဆိုခဲ့ကြသည်။

ထိုဆန္ဒပြပွဲကို စစ်ဆန့်ကျင်ရေးညွန့်ပေါင်းအဖွဲ့က ဦးစီးစီစဉ်ခြင်းဖြစ်သည်။ အီရတ်စစ်ပွဲ ငါးနှစ်သက်တမ်းပြည့်မြောက်ပြီးချိန်တွင် ကမ္ဘာကြီးသည် ပို၍အေးချမ်းမလာဘဲ ပို၍အန္တရာယ်များပြားလာသည်ကို တွေ့ရသည်ဟု အဆိုပါအဖွဲ့မှ ပြောရေးဆိုခွင့်ရှိသူ ပေါကောလင်းက ပြောကြားသည်။

အီရတ်နိုင်ငံကို ကျူးကျော်သိမ်းပိုက်လိုက်သည့်အတွက် ပေါ်ပေါက်လာသည့် မငြိမ်မသက်မှုများကြောင့် သေဆုံးရသောပြည်သူများ၏ ဦးရေစုစုပေါင်းသည် ခန့်မှန်းခြေအားဖြင့် တစ်သန်းမျှရှိသွားပြီဟု ၎င်းကဆိုသည်။

ဆန္ဒပြပွဲသို့ တက်ရောက်သော အင်အားမှာ ၄၀၀၀၀အထိရှိမည်ဟု လူထုချီတက်ပွဲကို စီစဉ်သူများက ခန့်မှန်းသည်။ ရဲတပ်ဖွဲ့ကမူဆန္ဒပြသူများ၏ အရေအတွက်သည် ၁၀၀၀၀ မျှသာရှိသည်ဟုဆိုသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဤမှ --- ထိုသို့ ချီတက်ကြပါစို့

အငြိမ်းစားဝန်ထမ်းတစ်ဦး

ကမ္ဘာပေါ်တွင် ကုလသမဂ္ဂအဖွဲ့ဝင် နိုင်ငံပေါင်း ၁၉၀ကျော် ရှိသည်။ ထိုနိုင်ငံအားလုံးသည် အချုပ်အခြာပိုင် နိုင်ငံများဖြစ်ကြသည်။ ထိုနိုင်ငံ အသီးသီး၌ ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေ ရှိကြသည်။ ထိုကိုယ်ပိုင် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် နိုင်ငံအသီးသီးသည် မိမိတို့၏ လူ့အဖွဲ့အစည်းကို စနစ်တကျ ဖွံ့ဖြိုးတိုးတက်အောင် အားသွန်ခွန်စိုက် တည်ဆောက်နေကြပေသည်။

မြန်မာနိုင်ငံသည် အခြားဖွံ့ဖြိုးဆဲနိုင်ငံများနည်းတူ ကိုလိုနီနယ်ချဲ့ လက်အောက်မှ လွတ်မြောက်အောင် ရုန်းကန်ကြိုးပမ်းခဲ့ရသောနိုင်ငံ ဖြစ်သည်။နယ်ချဲ့လက်အောက်တွင် နှစ်ပေါင်း (၁၀၀)ကျော်၊ ဖက်ဆစ် လက်အောက်တွင် သုံးနှစ်သုံးမိုး သွေးခွဲအုပ်ချုပ်ခြင်းခံခဲ့ရရာမှ ၁၉၄၈ခုနှစ် ဇန်နဝါရီလ ၄ရက်နေ့တွင် လွတ်လပ်ရေးရရှိခဲ့သည်။ လွတ်လပ်ရေးရရှိချိန်မှ စ၍ ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံ ဥပဒေကို ပြဋ္ဌာန်းကျင့်သုံးခဲ့သည်။

၁၉၄၇ခုနှစ် အခြေခံဥပဒေသည် ပါလီမန်ဒီမိုကရေစီစနစ်ကို ကျင့်သုံးသော အခြေခံဥပဒေဖြစ်သည်။ ပါလီမန်ဒီမိုကရေစီစနစ် ဖြစ်သည်နှင့်အညီ မဲအများဆုံးရရှိသော နိုင်ငံရေးပါတီက ပါလီမန်ကို ကြီးစိုးခဲ့သည်။ နိုင်ငံတစ်ဝန်းလုံး၌ ဒီမိုကရေစီကျင့်စဉ် ထွန်းကား ပြန့်ပွားအောင် လေ့ကျင့်ပျိုးထောင်ပေးရမည့်အစား အာဏာရ နိုင်ငံရေးပါတီအတွင်း၌ပင် ဒီမိုကရေစီကျင့်စဉ်များ ဆိတ်သုဉ်းခဲ့သည်။ လေးနှစ်တစ်ကြိမ်ကျင်းပသော ရွေးကောက်ပွဲတွင် မိမိပါတီ အာဏာ ဆက်လက်ရရှိရေးအတွက် နိုင်ငံရေးအပေးအယူများ လုပ်လာကြ သည်။ ရွေးကောက်ပွဲကတိများ အလွန်အကျွံပေးပြီး မဲဆွယ်စည်းရုံးခဲ့ ကြသည်။ နောက်ဆုံးတွင် ပါတီတွင်း အကွဲအပြဲဇာတ်လမ်းများ ပေါ်ပေါက်လာရုံမက ပြည်ထောင်စုကြီး ပြိုကွဲမည်အထိ အန္တရာယ် ကြီးမားလာခဲ့သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝေးသထက်ဝေးခဲ့ ရသည်။

ဤသို့ဖြင့် ၁၉၆၂ခုနှစ် မတ်လတွင် တပ်မတော်က နိုင်ငံတော်ကို ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည်။ ပါလီမန်ဒီမိုကရေစီစနစ်၏ အနိဋ္ဌာရုံများကြောင့် ဆိုရှယ်လစ်စနစ်သို့ ဦးတည်ခဲ့ပြန်သည်။ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေကိုပြဋ္ဌာန်းပြီး ဆိုရှယ်လစ် ဒီမိုကရေစီစနစ်ကို ကျင့်သုံးခဲ့သည်။ တစ်ပါတီဦးဆောင်သောစနစ် ဖြစ်၍ ဒီမိုကရေစီကျင့်စဉ်များ မှေးမှိန်ခဲ့ရပြန်သည်။ ဗဟိုမှ ချုပ်ကိုင် သော စီမံကိန်းစီးပွားရေးစနစ်ကြောင့် ဖွံ့ဖြိုးတိုးတက်မှု နှောင့်နှေး နေရုံမက ဝန်ထုပ်ဝန်ပိုးများ ပိလာခဲ့သည်။ တိုင်းပြည်မတည်မငြိမ် ဖြစ်လာစဉ် ပြည်တွင်းပြည်ပ ပယောဂများ ဝင်ရောက်ပူးကပ်မှုကြောင့် မြန်မာပြည်ကြီး မီးဟုန်းဟုန်းတောက်လုနီးပါး ဖြစ်ခဲ့ရသည်။ နိုင်ငံ ဖွံ့ဖြိုးတိုးတက်ရေးနှင့်ကား ဝေးသထက်ဝေးနေဆဲ ဖြစ်သည်။ ဤသို့ဖြင့် ၁၉၈၈ခုနှစ် စက်တင်ဘာလတွင် တပ်မတော်က နိုင်ငံတော်တာဝန်ကို ယူခဲ့ရပြန်သည်။

လွတ်လပ်ရေးရပြီးနောက် မြန်မာ့သမိုင်းကြောင်းကို ပြန်ပြောင်း လေ့လာကြည့်ရာ နိုင်ငံရေး မတည်မငြိမ်ဖြစ်ပြီး စီးပွားရေးဆုတ်ယုတ် ပျက်ပြားသည့် ကာလတိုင်း၌ တပ်မတော်က ဝင်ရောက် တာဝန်ယူခဲ့ရ ကြောင်း တွေ့ရှိရသည်။ တပ်မတော်သည် နိုင်ငံရေး မတည်ငြိမ်မှုနှင့် စီးပွားရေးဆုတ်ယုတ်ပျက်ပြားမှုများမှ ကျော်လွှားလွန်မြောက်နိုင်အောင် ကြိုးပမ်းအားထုတ်ပေးရလေ့ရှိသည်။ ယင်းသည် အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင် ခဲ့ရသည့် သမိုင်းကွင်းဆက်ပင်ဖြစ်သည်။

လွတ်လပ်ရေးရပြီးနောက် မြန်မာနိုင်ငံဖြတ်သန်းခဲ့ရသည့် ခေတ် အပိုင်းအခြားများကိုကြည့်လျှင် ပါလီမန်ဒီမိုကရေစီခေတ်၊ မြန်မာ့ ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်နှင့် အမျိုးသားနိုင်ငံရေး ဦးဆောင်မှု အခန်းကဏ္ဍတွင် တပ်မတော်က ပါဝင်ထမ်းဆောင်ရသောခေတ်ဟူ၍ တွေ့ရှိလာရသည်။

မျက်မှောက်ခေတ်တွင် ပြည်သူလူထု၏ အဓိကလိုအင်ဆန္ဒမှာ တည်ငြိမ် အေးချမ်းရေး၊ လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီ ထွန်းကားရေးတို့ပင်ဖြစ်သည်။ ယင်းသည် တစ်မျိုးသား လုံး၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေးဖြစ်သည်။ အဆိုပါ အမျိုးသားရေး ရည်မှန်းချက် ပန်းတိုင်သို့ တက်လှမ်းရောက်ရှိနိုင်ရေးအတွက် တပ်မတော်က အမျိုးသားနိုင်ငံရေးကို ဖော်ဆောင်ပေးနေရခြင်း ဖြစ်သည်။

ယခုအခါ မြန်မာနိုင်ငံတွင် တည်ငြိမ်အေးချမ်းမှု ရရှိလာရုံမက ပြည်တွင်း ငြိမ်းချမ်းရေးကိုပင် တည်ဆောက်ထားနိုင်ပြီဖြစ်သည်။ လူမှု စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကောင်းများ ကိုလည်း ရာနှုန်းပြည့်နီးပါးဆိုရလောက်အောင် တည်ဆောက်ပေး ထားခဲ့ပြီးဖြစ်သည်။ ဒီမိုကရေစီထွန်းကားရေးကို လမ်းညွှန်ပြဋ္ဌာန်း ပေးမည့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကိုလည်း ရေးဆွဲနိုင်ခဲ့ပြီ ဖြစ်သည်။

ဒီမိုကရေစီဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ သမိုင်းနှင့်အတွေ့အကြုံ ဟူသည့် ရေခံမြေခံတွင် ပေါက်ဖွားလာရစမြဲဖြစ်သည်။ ကမ္ဘာ့သမိုင်း ဖြစ်စဉ်များအရ လက်ငင်းလက်တွေ့ အလုပ်ဖြစ်သော ဒီမိုကရေစီ နိုင်ငံများအဖြစ် ထူထောင်နိုင်ရန်အတွက် အနောက်နိုင်ငံများတွင် နှစ်ပေါင်း ၄၀၀ကာလအထိ ကြိုးပမ်းအားထုတ်ခဲ့ရသည်။ အရှေ့အာရှ ဒေသတွင် နှစ်ပေါင်း ၄၀ အချိန်ယူခဲ့ရသည်။ အဆိုပါ အချိန်ကာလများ ကို စစ်ပွဲများ၊ ပဋိပက္ခများ၊ ပြန်လည်ထူထောင်မှုများဖြင့် အကြိမ်ကြိမ် အထပ်ထပ် ပေးဆပ်ကျော်ဖြတ်ခဲ့ကြရခြင်းဖြစ်သည်။

နောက်ဆုံးတွင် **အပြန်အလှန်ယုံကြည်ကိုးစားမှုက ဒီမိုကရေစီ ထက် အဆင့်မြင့်သည်။ အပြန်အလှန် ယုံကြည်ကိုးစားမှုမရှိဘဲ ဒီမိုကရေစီကို တည်ဆောက်၍ မရနိုင်ဟူသည့်အဖြေကို တွေ့ရှိလာ ရသည်။ ထို့ကြောင့် တပ်မတော်အစိုးရလက်ထက်တွင် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့အစည်းများနှင့် အပြန်အလှန် ယုံကြည်ကိုးစား မှုဖြင့် ငြိမ်းချမ်းရေး တည်ဆောက်နိုင်ခဲ့ခြင်းဖြစ်သည်။ အမျိုးသား ညီလာခံကြီးတွင် တိုင်းရင်းသားလူမျိုးပေါင်းစုံ၊ လူထုလူတန်းစား အလွှာပေါင်းစုံမှ ကိုယ်စားလှယ်များက အပြန်အလှန် ယုံကြည် ကိုးစားမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ အုတ်မြစ်ကို ချမှတ်ပေးနိုင် ခဲ့ခြင်းဖြစ်သည်။**

ထို့ကြောင့် ယခုကျော်ဖြတ်ရမည့်အဆင့်မှာ ပြည်သူလူထုက **အပြန်အလှန် ယုံကြည်ကိုးစားမှုဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းကို အတည်ပြု ပြဋ္ဌာန်းပေးခြင်းပင်ဖြစ်သည်။ ယခုရေးဆွဲထားသော ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းသည် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် အခြေခံဥပဒေဖြစ်သည်။**

ဤနေရာတွင် ဆန္ဒခံယူပွဲနှင့် ရွေးကောက်ပွဲတို့၏ မတူညီသော သဘောသဘာဝကို ခွဲခြားရှုမြင်နိုင်ရန် အရေးကြီးလှသည်။

ဆန္ဒခံယူပွဲသည် မိမိ၏အဓိက လိုအင်ဆန္ဒကို ဖော်ပြရခြင်း ဖြစ်သည်။ တစ်နည်းပြောရသော် မိမိကိုယ်ကို မိမိရွေးချယ်ရခြင်း ဖြစ်သည်။ မိမိတို့၏ တူညီသောလမ်းကို မိမိတို့ပြဋ္ဌာန်းရခြင်း ဖြစ်သည်။ ရွေးကောက်ပွဲ ဟူသည်ကား မိမိကြိုက်နှစ်သက်သော ကိုယ်စားလှယ်ကို ရွေးချယ်ရခြင်းဖြစ်သည်။ မိမိသဘောကျသော နိုင်ငံရေးပါတီကို မဲပေးရခြင်းဖြစ်သည်။

ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေမရှိဘဲ စနစ်တကျ ဖွံ့ဖြိုးတိုးတက် သော လူ့အဖွဲ့အစည်းကို တည်ဆောက်နိုင်မည် မဟုတ်ကြောင်း အားလုံး နားလည်သဘောပေါက်ပြီးဖြစ်သည်။ မိမိတို့၏ အဓိက လိုအင်ဆန္ဒမှာ ပါတီစုံဒီမိုကရေစီစနစ်နှင့် ဈေးကွက်စီးပွားရေးစနစ် ကျင့်သုံးဖော်ဆောင်နိုင်ရေးဖြစ်ကြောင်းလည်း သိရှိထားပြီးဖြစ်သည်။

သို့ဖြစ်ရာ တစ်ဆင့်ပြော၍ သိရသော စကား၊ မျက်ကွယ်ရာ အရပ်၌ ပြောဆိုသော စကား၊ အစွန်းတရားနှစ်ပါးနှင့် မလွတ်ကင်း သော စကား၊ အမျက်ဒေါသအာဃာတဖြင့် ပြောဆိုသော စကားများ ကြောင့် မိမိတို့၏ လိုအင်ဆန္ဒများ အမှောက်မှောက် အမှားမှား အပျက်ပြားမခံသင့်ပေ။ ကဖျက်ယဖျက်၊ ဖျက်လိုဖျက်ဆီးလုပ်ခြင်း သည် အဖျက်သမားတို့၏အလုပ်ဖြစ်သည်။ ၎င်းတို့အလုပ် ၎င်းတို့ လုပ်နေခြင်းဖြစ်၍ မိမိတို့က ကကြိုးရုပ်အဖြစ် ကြိုးအရှုပ်မခံရအောင် ရှောင်ရှားနိုင်ကြရမည်ဖြစ်သည်။

ယနေ့အချိန်သည် **“ထို့ကြောင့်---ဤသို့”** ဆိုသောစကားများဖြင့် ခေတ်ကို နောက်ပြန် ဆွဲနေရမည့်အချိန်ကာလ မဟုတ်တော့ပေ။ **“ဤမှ---ထိုသို့”** ဆိုသော ဦးတည်ချက်ဖြင့် ခေတ်ကို ရှေ့သို့ ပြေးအောင် ချီတက်ရမည့် အခါသမယပင် ဖြစ်သည်။ မိမိတို့အားလုံး တူညီသော လိုအင်ဆန္ဒများဖြင့် မဆောမပန်း လျှောက်လှမ်း လာခဲ့ကြ ရပြီးလေပြီ။ ဆက်လက်၍လည်း ချီလေတဲ့ချီလေ၊ ဤမြေမှသည် ဟိုတောင်တန်းသို့ ဖြတ်သန်းလို့ ကျော်လွှားကြရဦးမည် ဖြစ်ပါကြောင်း တင်ပြလိုက်ရပေသည်။ ။

မျက်မှောက်ခေတ်တွင် ပြည်သူလူထု၏ အဓိကလိုအင်ဆန္ဒမှာ တည်ငြိမ်အေးချမ်းရေး၊ လူမှု စီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒီမိုကရေစီထွန်းကားရေးတို့ပင်ဖြစ်သည်။ ယင်းသည် တစ်မျိုးသားလုံး၏ အမျိုးသားရေး ရည်မှန်းချက်ဖြစ်သည်။ မြန်မာနိုင်ငံ၏ အမျိုးသားနိုင်ငံရေး ဖြစ်သည်။ အဆိုပါ အမျိုးသားရေး ရည်မှန်းချက် ပန်းတိုင်သို့ တက်လှမ်းရောက်ရှိနိုင်ရေး အတွက် တပ်မတော်က အမျိုးသားနိုင်ငံရေးကို ဖော်ဆောင်ပေးနေရခြင်းဖြစ်သည်။

ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် လုပ်ငန်းများ စစ်ဆေး ဆက်သွယ်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေး မှာကြား

နေပြည်တော် မတ် ၁၆

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်သည် မတ် ၁၅ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ်ရှိ ပြည်ပဆက်သွယ်ရေးအိတ်ချိန်းသို့ရောက်ရှိပြီး ဆက်သွယ်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်သွယ်ရေးအိတ်ချိန်း၌ မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရန် ဆောင်ရွက်ထားရှိမှု၊ မီးငြိမ်းသတ်မှုဆိုင်ရာ ဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးသည် ရန်ကုန်မြို့ အပြည်ပြည်ဆိုင်ရာ အမြန်ချောပို့ လုပ်ငန်း အစည်းအဝေးခန်းမ၌ ဌာနဆိုင်ရာ တာဝန်ရှိသူများအား တွေ့ဆုံ၍ ဆက်သွယ်မှုလုပ်ငန်းများ တိုးတက်ကောင်းမွန်ရေးမှာကြားပြီး ဟံသာဝတီ အော်တိုအိတ်ချိန်းအတွင်း ဆက်သွယ်မှု လုပ်ငန်း ပစ္စည်းအသစ်များ တပ်ဆင် ဆောင်ရွက်နေမှုတို့ကို လှည့်လည် ကြည့်ရှုစစ်ဆေးသည်။

ဝန်ကြီးသည် ရန်ကုန်မြို့ရှိ ဆက်သွယ်ရေး လုပ်ငန်းများကို လှည့်လည်ကြည့်ရှု စစ်ဆေးရာတွင် လုပ်ငန်းဌာနများအတွက် ဆက်သွယ်မှု လုပ်ငန်းဆိုင်ရာများ အရည်အသွေး တိုးတက်ကောင်းမွန်ရေးနှင့် မီးဘေး လုံခြုံရေးဆိုင်ရာများအတွက် လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေး ခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် ဟံသာဝတီ အော်တိုအိတ်ချိန်းအတွင်း ဆက်သွယ်မှု လုပ်ငန်းပစ္စည်းအသစ်များ တပ်ဆင် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(ဆက်သွယ်ရေး)

သာသနာ့ဝတ္တကမြေ လှူဒါန်းပွဲကျင်းပ

ရန်ကုန် မတ် ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့ ပန်းဘဲတန်းရပ် မင်းကျောင်းဆရာတော် ဘဒ္ဒန္တနာဂိန္ဒာဘိဝံသ(ပိဋကတ္တယပါရဂူ)ပြည်နယ်ဥက္ကဋ္ဌ၊ ချောင်းဆုံမြို့၊ မုံရစ်ကလေးကျေးရွာ၊ သုဓမ္မာတိုက်ကျောင်းဆရာတော် ဘဒ္ဒန္တနန္ဒဝံသ (ရပ်ကျေး သံဃနာယက ဥက္ကဋ္ဌ)၏တပည့် အရှင်နန္ဒဝံသဆရာတော် အရှင်မြတ်အား သာသနာပြုကိစ္စအဝဝဆောင်ရွက်နိုင်ရန်အတွက် ရန်ကုန်တိုင်း မင်္ဂလာဒုံမြို့နယ် ကုန်းတလပေါင် စံပြကျေးရွာ၊ အရှေ့ကွင်းအမှတ်(၄၉၈) အမှတ် ၁၅/၁၊ ဧရိယာ ၆ ဒသမ ၈၃၊ ခြံမြေအကျယ် ၂၄၃ပေ x ပေ၁၂၀ ရှိသော ခြံမြေကွက်ကို မော်လမြိုင်မြို့ မြေထဲကျောင်းဆရာတော် ဘဒ္ဒန္တကုန္တက(ပုသိမ်) (အဘ)ဦးစိန်မောင်၊ (အမိ) ဒေါ်ပါကဌေးစန္ဒာ၊ အစ်ကို၊ အစ်မများဖြစ်ကြသော (ဦးတင်သိန်း)-ဒေါ်ရွှေမိသားစု၊ ဦးလှထွန်း-ဒေါ်တင်တင်ဝင်း မိသားစု(ထွန်းစက်မှုလက်မှု)၊ ဦးအောင်မြင့်-ဒေါ်ခင်မေ၊ ဦးမောင်တိုး-ဒေါ်ဝင်းကြည်၊ ဦးအောင်မြင့်-ဒေါ်မြတ်ခန့်တို့အား အမှူးထား၍ ဦးကြည်စန်း-ဒေါ်စန်းစန်းရင်၊ ဦးမြင့်စိုး၊ ဒေါ်အေးမြင့်(ရွှေမမ-စိန်ရွှေရတနာဆိုင်)၊ ဒေါ်မြင့်မြင့်ကျော်တို့က လှူဒါန်းခဲ့ကြောင်းသိရသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ပခုက္ကူအသင်း(ရန်ကုန်) ဂုဏဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်

ရန်ကုန် မတ် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံတော်မှ သာသနာရေးဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ကပ်လှူပူဇော်ခြင်းခံရတော်မူသော ပခုက္ကူဒေသမှ ဆရာတော်ကြီးငါးပါးအား ပခုက္ကူအသင်း(ရန်ကုန်)မှ မတ် ၂၂ ရက် (စနေနေ့) မွန်းလွဲ ၁နာရီတွင် ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သဖြင့် အသင်းသူ၊ အသင်းသားများ၊ မြို့နယ်သူ၊ မြို့နယ်သားများ တက်ရောက်ကြရန်နှင့် လှူဖွယ်ပစ္စည်းများကို အသင်းဥက္ကဋ္ဌ ဦးတင်မောင်ဝင်း ဖုန်း-၆၆၄၄၈၅၊ ဥက္ကဋ္ဌ ဦးမျိုးသန်း ဖုန်း-၃၈၃၈၅၇၊ အတွင်းရေးမှူး ဦးကြည်ဝင်း ဖုန်း-၇၂၀၂၀၂ နှင့် အမှုဆောင် ဦးစိုးမြင့် ပခုက္ကူဓမ္မာရုံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဟောပြော

ရန်ကုန် မတ် ၁၆

ရန်ကုန်မြောက်ပိုင်းခရိုင် ဈေးများဌာန ခရိုင်မှူး ဦးထွန်းနိုင်၏ ညွှန်ကြားမှု၊ အင်းစိန်မီးသတ်ဦးစီးဌာန၏ ကူညီမှုဖြင့် ဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေး သရုပ်ပြဟောပြောပွဲကို မတ် ၁၅ရက် နံနက်ပိုင်းက အင်းစိန်ဈေးတာဝန်ခံရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်မြောက်ပိုင်းခရိုင် ဈေးများဌာန ဌာနစုမှူး ဦးသန်းထိုက်အောင်၊ ဈေးမိ ဈေးဖ ဦးလှသန်း (ချမ်းမြေ့ရတနာ ရွှေဆိုင်) တို့က အမှာစကားပြောကြားပြီး အင်းစိန် မီးသတ်စခန်းမှူး ဦးထွန်းထွန်းလွင်က မီးဘေးကြိုတင် ကာကွယ်ရေး ပညာပေးဟော ပြောပြီး မီးသတ်တပ်ဖွဲ့ဝင်များက ဈေးခေါင်းလမ်းမပေါ်တွင် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသည်။**(အောက်ပုံ)**

အခမ်းအနားသို့ အင်းစိန်ဈေးကြီး တာဝန်ခံ ဦးခင်မောင်အေး၊ ဒု-တာဝန်ခံ ဦးသန်းထိုက်စိုးနှင့် ဝန်ထမ်းများ၊ ဈေးရုံကိုယ်စားလှယ်များ၊ ဈေးသူ၊ ဈေးသားများနှင့် ဈေးဝယ်သူများ တက်ရောက်ကြသည်။ (၅၄)

သင်္ကြန်အရောင်းမြှင့်တင်ရေးပွဲ Blazon ၌ ကျင်းပမည်

ရန်ကုန် မတ် ၁၆

Blazon Department Store တွင် သင်္ကြန်အကြို အရောင်းမြှင့်တင်ရေးပွဲများ၊ ပျော်ရွှင်စရာ အစီအစဉ်များကို နှစ်စဉ် ကျင်းပလေ့ရှိရာ ယခုနှစ်တွင်လည်း မတ် ၁၅ရက်မှ ဧပြီ ၁၂ရက်အထိ တစ်မူထူးခြားစွာ ကျင်းပသွားမည်ဖြစ်သည်။ ယင်းအစီအစဉ်များမှာ မတ် ၁၅ရက်မှ ဧပြီ ၁၂ရက်အထိ "Buy 3 Itmes" တွင် သတ်မှတ်ထားသော ဖက်ရှင်အဝတ်အထည်သုံးမျိုး ဝယ်ယူပါက ဝယ်ယူမှုတန်ဖိုးပေါ်မူတည်၍ ကျပ်ခြောက်သောင်းမှ ကျပ်တစ်ထောင် အတွင်းရှိ Gift Voucher များကို ပြန်လည်ထုတ်ပေးသွားမည်ဖြစ်သည်။

ထို့ပြင် "Be Summer Style-Elite "ခေါင်းစဉ်ဖြင့် ကမ္ဘာကျော် Branded Sunglass များကို အထူးလျှော့ဈေးများဖြင့် ရောင်းချသွားမည်ဖြစ်သည်။

"Let Your Beauty Shine" အမည်ဖြင့် Cosmetics Sales ဈေးရောင်းပွဲတော်ကို မတ် ၂၁ရက်မှ မတ် ၃၁ရက်အထိ စည်ကားစွာ ကျင်းပသွားမည်ဖြစ်ပြီး နာမည်ကြီး အလှကုန်ပစ္စည်းများဖြစ်သည့် Kanebo, Pupa, Shiseido, Za & Whitia, Revlon, L'oreal, Maybelline တို့မှ အလှကုန်ပစ္စည်းများကို အထူးရောင်းချသွားမည်ဖြစ်သည်။

ယင်းနောက် အသက်လေးနှစ်မှ ကိုးနှစ်အရွယ်ကလေးများအတွက် Mr. & Ms. Thingyan Kidz Model Contest ကိုလည်း ဧပြီ ၆ရက်တွင် ပြုလုပ်သွားမည်ဖြစ်သည်။ ပြိုင်ပွဲဝင်လိုသော ကလေးငယ်များ မတ် ၁၅ရက်မှ ဧပြီ ၁ရက်အထိ Blazon တွင် ပြိုင်ပွဲဝင်ပုံစံများကို ထုတ်ယူ၍ စာရင်းပေးသွင်းနိုင်သည်။

သင်္ကြန်ရာသီအတွက် Blazon မှ ကြီးမှူးပြီး Lolane Hair Products မှ ပံ့ပိုးကူညီသည့် "Lolane Hair Color Demostration Workshop 2008, Korea Hair Style" Hair Show ကို ဧပြီ ၇ရက်မှ ၁၂ရက်အထိ Blazon Department Store ၌ ကျင်းပသွားမည်ဖြစ်သည်။ ထို့ပြင် မဟာသင်္ကြန်အတွင်း စားသုံးရန် စားသောက်ဖွယ်ရာ အမျိုးမျိုးနှင့် အသုံးအဆောင်ပစ္စည်း အမျိုးမျိုးတို့ကို အရောင်းမြှင့်တင်ရေး ကာလအတွင်း အထူးရောင်းချသွားမည်ဖြစ်သည်။

အဆိုပါ အစီအစဉ်များကို ရန်ကုန်နှင့် မန္တလေးမြို့များရှိ Blazon တို့တွင် ကျင်းပသွားမည်ဖြစ်ပြီး Blazon Department Store ကို သင်္ကြန်အကြို ဧပြီ ၁၂ရက်နှင့် (နှစ်ဆန်း ၁ရက်) ဧပြီ ၁၇ရက်များတွင် ပုံမှန်အတိုင်း ဖွင့်လှစ်ရောင်းချသွားမည်ဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

လမ်း၊ တံတားလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၁၆

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန စည်ပင်သာယာရေး ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးမျိုးမြင့်သည် မတ် ၁၁ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်း(အနောက်ပိုင်း) သာယာဝတီမြို့နယ် ခရိုင်ချင်းဆက် လမ်းတစ်လျှောက် ဖြတ်သန်းကြည့်ရှုပြီး မင်းလှမြို့နယ် ဝံကိုက်ချောင်းတံတား ဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးသည်။ **(ဝဲပုံ)** ဝံကိုက်ချောင်း တံတားမှာ အရှည်ပေ ၁၂၀၊ အကျယ် ၁၅ ပေ၊ အမြင့် ၁၈ ပေရှိ သစ်သားတံတား ဖြစ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် မတ် ၁၂ ရက် နံနက်ပိုင်းတွင် အုတ်ဖိုမြို့နယ်၊ ဇီးကုန်းမြို့နယ်၊ နတ်တလင်းမြို့နှင့် ပေါင်းတည်မြို့နယ် စည်ပင်သာယာရေးအဖွဲ့များမှ ခရိုင်ချင်းဆက်လမ်း အပိုင်းလိုက် ဆောင်ရွက်ပြီးစီးမှုများကို ကြည့်ရှုစစ်ဆေးခဲ့ပြီး ပေါက်ခေါင်းမြို့နယ် ငါးမြွေဇင်းတံတား တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကာ ငါးမြွေဇင်းတံတားမှာ အရှည်ပေ ၂၂၀၊ အကျယ် ၁၅ပေ၊ အမြင့် ၂၈ပေရှိ သစ်သားတံတား ဖြစ်သည်။

ဆက်လက်၍ ညွှန်ကြားရေးမှူးချုပ်သည် ခရိုင်ချင်းဆက်လမ်း အမှတ်(၁)တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့များက အပိုင်းလိုက် ကတ္တရာခင်းခြင်း လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မိုးကုတ်ဝိပဿနာ သင်တန်းဖွင့်မည်

ရန်ကုန် မတ် ၁၆

ရွှေတိဂုံဘုရား မြောက်ဘက်မုခ်ရှိ ပခုက္ကူဓမ္မာရုံကြီးတွင် (၂၄)ကြိမ်မြောက် မိုးကုတ်ဝိပဿနာ တရားသင်တန်း၌ ဓမ္မကထိက ဆရာကြီးဦးစိန်ဝက ခန္ဓာ ဉာဏ်ရောက် ပဋိစ္စသမုပ္ပါဒ်နှင့် သစ္စာလေးပါးတရားတော်များကို ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယအတိုင်း မတ် ၂၆ ရက်မှ ၃၀ ရက်ထိ နေ့စဉ်မွန်းတည့် ၁၂နာရီမှ ညနေ ၄နာရီအထိ ဟောပြောပို့ချမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နာယူနိုင်ကြောင်း သိရသည်။ ၎င်းပြင် တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ညနေ ၄နာရီအထိ အထိုင်စခန်း ဖွင့်လှစ်ထားရာ မည်သူမဆိုလာရောက် တရားထိုင်နိုင်ကြောင်းသိရသည်။ (က-ပ)

မတ် ၁၅ရက်က သဃ်္ဃန်းကျွန်းမြို့နယ် မြို့နယ်မီးသတ်ဦးစီးဌာန မြို့နယ် မီးသတ်ဦးစီးမှူး ဦးရဲမင်းထွဋ်နှင့် တပ်ဖွဲ့ဝင်များ၊ သဃ်္ဃန်းကျွန်း စည်ပင်သာယာဈေးကြီး တာဝန်ခံ ဒေါ်မေမေလွင်နှင့် ဝန်ထမ်းများ ပူးပေါင်းပါဝင်သော မီးစစ်ဆေးရေးအဖွဲ့ ဈေးကြီးအတွင်း မီးနှင့်သက်ဆိုင်သော အစားအသောက်ဆိုင်များ၊ ရွှေဆိုင်များအား မီးဘေးကြိုတင်ကာကွယ်ရေးပစ္စည်းများ လုံလောက်စွာ စီမံထားရှိမှု အခြေအနေများကို လိုက်လံစစ်ဆေးကြပြီး လိုအပ်သည်များ ဆွေးနွေးမှာကြားစဉ်။

(က-ပ)

နိုင်ငံတော်၏ စီးပွားရေးမူဝါဒနှင့်အညီ မှန်မှန်ကန်ကန် စည်းကမ်းရှိရှိ ဥပဒေနှင့် ညီညီညွတ်ညွတ်ဖြင့် အမြင်ကျယ်ကျယ်ထားပြီး မိမိတို့၏ စီးပွားရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ကြရန် လိုအပ်

☆ ရှေ့ဖုံးမှ

အကြံပေးပုဂ္ဂိုလ်များ၊ ဗဟိုအလုပ်အမှုဆောင်များနှင့် အလုပ်အမှုဆောင်များ၊ ညီနောင်အသင်းများမှ ဥက္ကဋ္ဌများနှင့် အလုပ်အမှုဆောင်များ၊ အသင်းသားများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာတွင် ယနေ့နိုင်ငံတော်အစိုးရအနေဖြင့် တိုင်းပြည်ကို ဘက်စုံကဏ္ဍစုံက နိုင်ငံတကာနှင့် ရင်ပေါင်တန်း ဖွံ့ဖြိုးတိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားစီးပွားရေးဘဝ တောင့်တင်းခိုင်မာရေးကို အဓိကပင်မ ဒေါက်တိုင်တစ်ရပ်အဖြစ် ရည်မှန်းပြီး ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

အထူးသဖြင့် အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရေးတွင် တိုင်းရင်းသား စီးပွားရေးလုပ်ငန်းများ ရှင်သန်ဖွံ့ဖြိုးရန်၊ စီးပွားရေးစွမ်းဆောင်ရည်ထက်မြက်မြင့်မားရန်၊ လုပ်သာကိုင်သာရှိရန် အဘက်ဘက်ကနေ အားပေးစောင့်ရှောက်ရင်း အမျိုးသားစီးပွားရေးဘဝကို နိုင်ငံတော်နှင့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များက စီမံဖန်တီးနိုင်သည့် အခြေအနေ၊ စွမ်းအားတို့နှင့် ပြည့်စုံစေရအောင် စီမံကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယခုအချိန်အခါတွင် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ပြီး နိုင်ငံတော်၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အကူပြုနိုင်စေရန်အတွက် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကို စည်းရုံးဦးဆောင် ကြီးကြပ်ထိန်းကျောင်းပေးနေသည့် မြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ကြီး ရှင်သန်ဖွံ့ဖြိုးနေခြင်းသည် နိုင်ငံ့အတွက် အားတက်စရာပင်ဖြစ်ကြောင်း။

ယနေ့ နိုင်ငံတကာအခြေအနေကိုကြည့်လျှင် နိုင်ငံတိုင်း နိုင်ငံတိုင်းသည် မိမိတို့၏ အမျိုးသားရေးအကျိုးစီးပွားကို ရှေ့တန်းတင်ပြီး မိမိတို့၏အမျိုးသားဓနအင်အားတိုးပွားရေး၊ အမျိုးသားစီးပွားရေးဘဝ တိုးတက်ခိုင်မာရေးတို့အတွက် အပြိုင်အဆိုင် ကြိုးပမ်းဆောင်ရွက်နေကြသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

ကမ္ဘာ့ကုန်သွယ်ရေးဆိုင်ရာ ညီလာခံများတွင် ဆိုလျှင်လည်း ကမ္ဘာ့နိုင်ငံကြီးများသည် မိမိတို့၏အမျိုးသားရေးအကျိုးစီးပွား မနစ်နာစေရန်ကိုသာ အလေးထားဆောင်ရွက်နေကြသည့်အတွက် စီးပွားရေးဆိုင်ရာအထိန်းအကွပ်များတိုးမြှင့်ရန် ကြိုးစားမှုများကတစ်ဖက်၊ ယင်းစီးပွားရေးဆိုင်ရာ အတားအဆီးများကို ဖြေလျှော့ပေးရန် တောင်းဆိုမှုများကတစ်ဖက်ဖြင့် အစဉ်အမြဲလိုလို အငြင်းပွားနေကြရသည်ကို တွေ့နေကြရပါကြောင်း။

ယနေ့ နိုင်ငံတကာစီးပွားရေးအခြေအနေကိုကြည့်မည်ဆိုလျှင် တစ်ချိန်က ကမ္ဘာ့စီးပွားရေးကို လွှမ်းမိုးခြယ်လှယ်ခဲ့သည့် နိုင်ငံကြီးတချို့၏ စီးပွားရေးသြဇာသည် ယုတ်လျော့အားနည်းသည့်ဘက်ကို တူရူပြုပြောင်းလဲလာနေသည့်အတွက် ပြန်လည်တည့်မတ်ထိန်းကျောင်းနေရသကဲ့သို့ စီးပွားရေးတစ်ရှိန်ထိုးဖွံ့ဖြိုးတိုးတက်လာနေသော အင်အားစုအသစ်များလည်း တိုးပွားပေါ်ထွန်းလာလျက်ရှိသည့်အတွက် ပြိုင်ဆိုင်မှုများသည် ပိုမိုအားကောင်းလာသည်ကို တွေ့ကြရမည်ဖြစ်ကြောင်း။

တစ်ဖက်တွင်လည်း ဤသို့ယှဉ်ပြိုင် ပြိုင်ဆိုင်မှုများ၊ စိန်ခေါ်မှုများကို ကျော်လွှားနိုင်စေရန်အတွက် နိုင်ငံအချင်းချင်းသော်လည်းကောင်း၊ အသင်းအဖွဲ့အနေဖြင့်သော်လည်းကောင်း စီးပွားရေးပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်လာနေကြသည်ကို တွေ့နိုင်ကြောင်း။

ကြည့်ရှုစစ်ဆေး

နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် နေပြည်တော်တွင် တည်ဆောက်မည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်ရုံး ပုံစံငယ်ကို ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

ဤအခြေအနေ အကြောင်းကြောင်းများကြောင့် မိမိတို့ကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် မလိုအပ်သည့် စိန်ခေါ်မှုအသစ်များ ဖြစ်ပေါ်နေသည့်ကြားထဲတွင် ဓနအင်အားနှင့် နည်းပညာစွမ်းအားတွင် အသာစီးရနေသော နိုင်ငံကြီးတချို့သည် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သြဇာလွှမ်းမိုးခြယ်လှယ်နိုင်ရေးအတွက် စီးပွားရေးအရ ခွဲခြားဆက်ဆံမှုအမျိုးမျိုးပြုလုပ်ပြီး ကမ္ဘာ့နိုင်ငံများအကြား တည်ရှိပြီးဖြစ်သည့်ဆင်းရဲချမ်းသာကွာဟမှု၊ နည်းပညာ ကွာဟမှုတို့ကို ပိုမိုကျယ်ပြန့်နက်ရှိုင်းအောင် ဖန်တီးလျက်ရှိနေကြောင်း။

အထူးသဖြင့် မိမိတို့နိုင်ငံအပေါ် နိုင်ငံရေးရည်ရွယ်ချက်နှင့် စီးပွားရေးအရ ပိတ်ဆို့ဟန့်တားမှု၊ ဖိအားပေးမှုများ၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များကို ဦးတည်ပြီး စီးပွားရေးထိခိုက်နစ်နာအောင် တမင်ဖန်တီးနေချိန်တွင် မိမိတို့အချင်းချင်း ပိုမိုပြီးစည်းစည်းလုံးလုံးညီညီညွတ်ညွတ်ဖြင့်အမျိုးသားရေး အကျိုးစီးပွားကိုသာအလေးထားပြီးနိုင်ငံ၏ စီးပွားရေးဘဝဖွံ့ဖြိုးတိုးတက်ခိုင်မာရေးအတွက်ဆတက်ထမ်းပိုးတိုးပြီးကြိုးပမ်းဆောင်ရွက်ကြရမည့်အချိန် ရောက်နေပြီဖြစ်ကြောင်း။

ဤလိုအခြေအနေအချိန်အခါတွင် နိုင်ငံ၏စီးပွားရေး တိုးပွားစည်ပင်အောင်၊ နိုင်ငံအတွင်း ခိုင်မာသည့် စီးပွားရေးအခြေခံကောင်းများ ဖြစ်ထွန်းနေအောင်၊ တည်ငြိမ်သည့် စီးပွားရေးပတ်ဝန်းကျင်ကောင်းများ ခိုင်မြဲနေအောင် နိုင်ငံတော်အစိုးရ၏ကြိုးပမ်းဆောင်ရွက်မှုများတွင် တိုင်းရင်းသားလုပ်ငန်းရှင်များအားလုံးက ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံအတွင်း စီးပွားရေးဆိုင်ရာအခြေခံအဆောက်အအုံများအစဉ်တစိုက် တိုးချဲ့တည်ဆောက်ပေးနေသကဲ့သို့ ပုဂ္ဂလိကတိုင်းရင်းသား စီးပွားရေးလုပ်ငန်းရှင်များကိုလည်း ပါဝင်ဆောင်ရွက်ခွင့်ပြုထားကြောင်း၊ ပြည်ထောင်စု လမ်းမကြီးများ၊ လေယာဉ်ကွင်းများ တည်ဆောက်မှု၊ ပင်လယ်ကူးသင်္ဘောဆိပ်ကမ်းများ၊ အပြည်ပြည်ဆိုင်ရာကုန်သေတ္တာစခန်းများ တည်ဆောက်ဖွင့်လှစ်လုပ်ကိုင်မှု၊ နိုင်ငံတကာနှင့် ပြည်တွင်းရေကြောင်း၊ လေကြောင်းလိုင်းများ ထူထောင်လုပ်ကိုင်မှု အခွင့်အလမ်းများ များစွာဖန်တီးပေးလျက်ရှိကြောင်း၊ ထို့အပြင် သစ်တော၊ သတ္တု၊ ကျောက်မျက်စသည့်ကဏ္ဍများတွင် ပုဂ္ဂလိကလုပ်ကိုင်ခွင့်များ တိုးချဲ့ပေးလျက်လည်းရှိကြောင်း။

နိုင်ငံ၏အချက်အချာဒေသများတွင် စက်မှုဇုန်များ ထူထောင်ပေးနေသကဲ့သို့ နိုင်ငံပိုင်စက်ရုံများ၊ အလုပ်ရုံများကိုလည်း ပုဂ္ဂလိက ကဏ္ဍကို လွှဲပြောင်းလုပ်ကိုင်ခွင့်ပေးပြီး စက်မှုကဏ္ဍဖွံ့ဖြိုးအောင် အားပေးကူညီလျက်ရှိကြောင်း။

ထို့အပြင် ကုမ္ပဏီသစ်များထူထောင်မှု၊ လုပ်ငန်းလုပ်ကိုင်မှု၊ သက်တမ်းတိုးမှု၊ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများတွင်ရော ကုန်သွယ်မှုလုပ်ငန်းများတွင်ပါ နိုင်ငံတော်အစိုးရ ဌာနဆိုင်ရာလုပ်ငန်းများကို ရှင်းလင်းလွယ်ကူလျင်မြန်ချောမွေ့အောင် လုပ်နည်းစနစ်ဖြေလျှော့မှုများ ဖန်တီးပေးလျက်ရှိကြောင်း။

ပို့ကုန်သွင်းကုန်စိစစ်တင်သွင်းပို့ဆောင်မှုအပိုင်း၊ ဘဏ္ဍာငွေကြေးအပိုင်း၊ ကုန်ပစ္စည်း ပို့ဆောင်တင်သွင်းထုတ်ယူမှုအပိုင်း၊ အခွန်ဘဏ္ဍာရှင်းလင်းပေးဆောင်မှု အပိုင်းအားလုံးတွင် မြန်ဆန်ချောမွေ့အောင် ဖန်တီးပေးထားသည့်အတွက် နိုင်ငံ၏ကုန်သွယ်မှုပမာဏသည် တစ်နှစ်ထက်တစ်နှစ် တိုးတက်နေသကဲ့သို့ နှစ်စဉ်တောက်လျှောက် ကုန်သွယ်မှုပိုငွေပြနေပြီလည်းဖြစ်ကြောင်း။

မြန်မာနိုင်ငံ၏ ပထဝီအနေအထား အခြေအနေပေးမှုသည် တစ်ဆင့်ဖြတ်သန်းကုန်သွယ်မှု (Transit Trade)နှင့် ပြည်ပသို့ပြန်လည်တင်ပို့မှု (Re-export)လုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အတွက်သာမက ကုန်သွယ်မှုဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အတွက်ပါ အခွင့်အလမ်းကောင်းများစွာကို ဖန်တီးပေးလျက်ရှိသည့်အတွက် ကုန်သည်လုပ်ငန်းရှင်များအနေဖြင့်ဤအခွင့်အလမ်းများကို ဆုပ်ကိုင်ပြီး ကုန်သွယ်မှုမြှင့်တင်ဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့အချိန်အခါကဲ့သို့ နိုင်ငံ၏စီးပွားရေး တိုးတက်ဖြစ်ထွန်းနေသည့် အခြေအနေ အချိန်အခါကောင်းများတွင် အမျိုးသားစီးပွားရေးကဏ္ဍ၌ ထုထည်ပမာဏကြီးမားစွာ ပါဝင်နေသော ပုဂ္ဂလိက ကဏ္ဍက တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် နိုင်ငံတော်၏စီးပွားရေးမူဝါဒနှင့်အညီ မှန်မှန်ကန်ကန် စည်းကမ်းရှိရှိ ဥပဒေနှင့်ညီညီညွတ်ညွတ်ဖြင့် အမြင်ကျယ်ကျယ်ထားပြီး မိမိတို့၏စီးပွားရေးလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်ကြရန် လိုအပ်ကြောင်း။

ပို့ကုန်များ နိုင်ငံတကာစံချိန်စံညွှန်း အရည်အသွေးနှင့်ကိုက်ညီအောင်၊ ဈေးကောင်းရရှိအောင်၊ ဈေးကွက်သစ်များချဲ့ထွင်နိုင်အောင်၊ ပို့ကုန်အမယ်သစ်များ တိုးချဲ့တင်ပို့နိုင်အောင်၊ အရည်အသွေးမြင့်မားသည့် ဈေးကွက်ဝင်ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်အောင် ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

အလားတူပင် သွင်းကုန်အပိုင်းတွင် နိုင်ငံနှင့် ပြည်သူအကျိုးနစ်နာစေမည့် အရည်အသွေး မပြည့်မီသည့် အန္တရာယ်ရှိ ကုန်ပစ္စည်းများကို ရှောင်ရှားကြ

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၇-၃-၂၀၀၈(တနင်္လာနေ့)

AM & PM

၇း၀၀-၁း၀၀	MRTV-4 အဖွင့်Logo၊ ယနေ့အစီအစဉ်
၇း၀၅-၁း၀၅	"အနာတပိဏ်သူဌေးကြီးဥပမာပြဓမ္မနှင့်အမွေပေးနည်း" တရားတော်(ပြည်တွင်းပြည်ပသာနာပြု အောင်ဆန်းဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ)
၇း၅၅-၁း၅၅	Soccer Update
၈း၁၀-၂း၁၀	အနုပညာရပ်ဝန်းမှရင်ခုန်သံများ(ရင်နှင့်အောင်မွေး)
၈း၄၀-၂း၄၀	တေးဂီတအစီအစဉ်
၈း၄၅-၂း၄၅	MRTV-4 စာအုပ်စင်ကဏ္ဍ (စာရေးဆရာမောင်စိန်ထွေးနှင့်တွေ့ဆုံခြင်း)
၉း၀၅-၃း၀၅	ပြည်တွင်းသတင်းအကျဉ်း
၉း၁၅-၃း၁၅	နှင်းပွင့်လေးနဲ့တူသောအလှပိုင်ရှင်
၉း၄၀-၃း၄၀	တေးဂီတအစီအစဉ်
၉း၄၅-၃း၄၅	နိုင်ငံတကာသတင်းအကျဉ်း
၉း၅၀-၃း၅၀	Yangon Panorama(DEFINED ကျောင်းသားသုံး အင်္ဂလိပ်-မြန်မာ မိုဘိုင်းလ်အဘိဓာန် စတင်ရောင်းချခြင်း အခမ်းအနား)
၁၀း၀၀-၄း၀၀	မိုးလေဝသခန့်မှန်းချက်
၁၀း၀၅-၄း၀၅	TOYO Battery ၏ စက်ရုံအလည်အပတ်ခရီးစဉ်နှင့် ရောင်းအားအကောင်းဆုံး ဆုပေးပွဲအခမ်းအနား
၁၀း၁၅-၄း၁၅	တေးဂီတအစီအစဉ်
၁၀း၂၀-၄း၂၀	ဝေဒနာနုပဿနာ(အပိုင်း-၁)(ဆရာကြီးဦးငွေအောင်)
၁၀း၄၀-၄း၄၀	ပြည်တွင်းသတင်းအကျဉ်း
၁၀း၅၀-၄း၅၀	အခြေခံစားသောက်ကုန်ထုတ်လုပ်မှုနည်းပညာသင်တန်း
၁၁း၁၅-၅း၁၅	တေးဂီတအစီအစဉ်
၁၁း၂၀-၅း၂၀	MRTV-4 ကျန်းမာရေးကဏ္ဍ(သိမှတ်ဖွယ်ရာ ကင်ဆာရောဂါ) (အထွေထွေရောဂါအထူးကု သမားတော်ဒေါက်တာမိုးအောင်ကျော်နိုင်နှင့်တွေ့ဆုံခြင်း)
၁၂း၀၀-၆း၀၀	နိုင်ငံတကာသတင်းအကျဉ်း
၁၂း၀၅-၆း၀၅	ACTIVITIES IN THE CITY
၁၂း၂၀-၆း၂၀	တေးဂီတအစီအစဉ်
၁၂း၂၅-၆း၂၅	ထူးထူးခြားခြားရာသီဥတုဖြစ်စဉ်များ
၁၂း၄၀-၆း၄၀	ရေလှိုင်းကြွစီရရီ--သမိုင်းဝင်စေတီဦးကိုဖူးမြော်လှည့်ပါ (ဆံတော်ရှင်မြတ်မော်တင်စွန်းစေတီတော်)
၁၂း၅၅-၆း၅၅	တေးဂီတအစီအစဉ်
၁း၀၀-၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

English Premier League ဘောလုံးပွဲစဉ်

ညပိုင်း	ပွဲစဉ်	ပြသမည့်လိုင်း
၂း၂၄	Birmingham-Newcastle	ESPN (Live)

ရန်လိုကြောင်း၊ ထို့အပြင် နိုင်ငံအတွင်း စက်မှုလုပ်ငန်းများတိုးတက်ထွန်းကားရေးအတွက် ရင်းနှီးမြှုပ်နှံမှု၊ စက်မှုကုန်ထုတ်လုပ်မှုကိုအားပေးသည့် ကုန်စည်များကို တိုးတက်တင်သွင်းကြရန်တိုက်တွန်းပြောကြားလိုကြောင်း။

ပြည်နယ်၊ တိုင်းများအတွင်း ကူးသန်းရောင်းဝယ်မှု(Internal Trading)၊ ပြည်ပကူးသန်းရောင်းဝယ်မှု (External Trading) တို့ကို ပိုမိုလုပ်ကိုင်နိုင်ပြီး ဈေးကွက်တွင် Supply / Demand အလိုအရဖြစ်စေ နှိုင်းယှဉ်အကျိုး (Comparative Advantage) ရယူနိုင်ရေးအတွက်ဖြစ်စေ၊ ကူးသန်းရောင်းဝယ်မှုလုပ်ငန်းများကို စနစ်တကျ ထိန်းကျောင်းဆောင်ရွက်နိုင်ရေးတွင် ကုန်စည်ဒိုင်များ၏ အခန်းကဏ္ဍသည် အလွန်အရေးကြီးလှကြောင်း၊ ထို့ကြောင့် ပြည်နယ်/တိုင်း အသီးသီးတွင်ရှိသည့် ကုန်စည်ဒိုင်များအနေဖြင့် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုး၊ ကုန်သည်လုပ်ငန်းရှင်များအကျိုး အတ္တနဲ့ပရ သင့်တင့်မျှတစွာ ထိန်းညှိဆောင်ရွက်ခြင်းအားဖြင့် ဈေးနှုန်းများ ကမောက်ကမဖြစ်မှုများ၊ ပြည်တွင်း ပြည်ပ ကူးသန်းရောင်းဝယ်မှုကို ထိခိုက်စေသည့် မမှန်မကန်ဆောင်ရွက်မှုများကို လျော့နည်းပပျောက်သွားအောင် ဆောင်ရွက်နိုင်စေရန် အသင်းချုပ်ကြီးက ကူညီကြပ်မတ် ထိန်းကျောင်းပေးရန်လိုကြောင်း။

ကုန်သွယ်မှု၊ ဝန်ဆောင်မှုလုပ်ငန်းများနှင့် တစ်ပြေးညီစက်မှုကုန်ထုတ်လုပ်မှုလုပ်ငန်းများ တိုးတက်ကြီးပွားရေးသည် နိုင်ငံ့စီးပွားရေးတွင် အလွန်အရေးကြီးကြောင်း၊ နိုင်ငံ၏စီးပွားရေးဘဝ ရေရှည်တိုးတက်ခိုင်မြဲရေးတွင် စက်မှုလုပ်ငန်းများကျယ်ကျယ်ပြန့်ပြန့်ဖြစ်ထွန်းစေရန် လိုကြောင်း။

ထို့ကြောင့် **ပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ တိုးပွားအောင်၊ ပြည်သူ တစ်ဦးချင်း၏ ဝင်ငွေတိုးတက်အောင်၊ တိုင်းပြည်၏ သယံဇာတအရင်းအမြစ်များ၊ လူ့စွမ်းအားအရင်းအမြစ်များကို ထိရောက်အကျိုးရှိစွာ သုံးနိုင်သည့် တန်ဖိုးမြင့်ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများ တိုးပွားအောင်၊ စက်မှုလက်မှုလုပ်ငန်းသစ်များထူထောင်ကြရန် နိုင်ငံခြားဝင်ငွေရှိသည့် လုပ်ငန်းရှင်များအနေဖြင့် ရေရှည်အကျိုးရှိသည့် စက်မှုကုန်ထုတ်ကဏ္ဍတွင် ရင်းနှီးမြှုပ်နှံကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ တစ်ဆက်တည်းမှာပဲ နိုင်ငံပိုင်အလုပ်ရုံ၊ စက်ရုံများကို ပုဂ္ဂလိက လုပ်ငန်းရှင်များသို့ လွှဲပြောင်းလုပ်ကိုင်စေရန် အသင့်ရှိနေပါကြောင်း။**

ထို့အပြင် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် ယခုထက်ပိုပြီး နိုင်ငံတကာ စီးပွားရေးတွင် ထိုးဖောက်ဝင်ရောက်နိုင်သည့် စွမ်းအားရှိစေရန်လိုကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ASEAN, BIMSTEC, GMS, ACMECS စသည့် အဖွဲ့အစည်းများတွင် ပါဝင်ပြီး ဒေသတွင်းနှင့် နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်ဆောင်ရွက်နေသကဲ့သို့ ပုဂ္ဂလိကကဏ္ဍကလည်း လိုက်လျောညီထွေစွာ တိုးမြှင့်ထိုးဖောက်ဆောင်ရွက်နိုင်ရန်လိုကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ကမ္ဘာနှင့်ရင်ပေါင်တန်း လုပ်ကိုင်ဆောင်ရွက်နိုင်သည့် အတွေ့အကြုံ အသိအမြင်ရှိပြီး ကမ္ဘာ့အဆင့်မီ လုပ်ကိုင်ဆောင်ရွက်နိုင်သည့် ကုန်သည်ကြီးများဖြစ်စေရန်၊ လုပ်ငန်းရှင်ငယ်များကို လုပ်ငန်းရှင်ကြီးများဖြစ်စေရန်၊ လုပ်ငန်းရှင်ကြီးများကိုလည်း ကမ္ဘာ့အဆင့်မီ လုပ်ကိုင်ဆောင်ရွက်နိုင်သူများဖြစ်ပြီး နိုင်ငံတကာကို ထိုးဖောက်ဆောင်ရွက်နိုင်စေရန်အတွက် ပြည်ပကုန်စည်ပြပွဲများ စေလွှတ်တက်ရောက်စေခြင်း၊ ပြည်တွင်း၌ ကုန်စည်ပြပွဲများ ကျင်းပပေးခြင်း၊ အများပိုင်ကုမ္ပဏီများ ဖွဲ့စည်းတည်ထောင်ရေး အားပေးခြင်း၊ ကုမ္ပဏီကြီးများကို ပြည်ပတွင် ကုမ္ပဏီရုံးခွဲများ၊ ကိုယ်စားလှယ်ရုံးများ ဖွင့်လှစ်နိုင်ရေး အားပေးကူညီခြင်း၊ နိုင်ငံတော်အကြီးအကဲ၏ ပြည်ပခရီးစဉ်များတွင် ကုန်သည်အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များကို လိုက်ပါစေပြီး ပြည်ပ အဖွဲ့အစည်းများ၊ အသင်းအဖွဲ့များနှင့် ထိတွေ့ဆွေးနွေးစေခြင်း စသည့် အားပေးကူညီမှုများကို ဆောင်ရွက်ပေးလျက်ရှိပါကြောင်း။

မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးကလည်း နိုင်ငံတော်၏ နိုင်ငံတကာစီးပွားရေး ပူးပေါင်းဆောင်ရွက်နေမှု အစီအစဉ်များကို မိမိအသင်းဝင်များသိရှိပြီး လိုက်ဖက်စွာ ပူးပေါင်းပါဝင်နိုင်စေရအောင်၊ မိမိအသင်းဝင်များကို နိုင်ငံတကာ စီးပွားကုန်သွယ်မှုဥပဒေများ၊ စည်းမျဉ်းစည်းကမ်းနှင့် ကျင့်ဝတ်များ၊ အလေ့အထများ၊ စီးပွားရေးနှင့် ကုန်သွယ်မှုဆိုင်ရာ သတင်းအချက်အလက်များကို အမြဲမပြတ် သိရှိနေစေရအောင် ဆက်လက်ပြီး အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးသွားရန် တိုက်တွန်းပြောကြားလိုကြောင်း။

အထူးသဖြင့် နိုင်ငံတကာစီးပွားရေးလောက၏ အချိန်နှင့်အမျှ ပြောင်းလဲဖြစ်ထွန်းမှုများက ဖန်တီးလာသည့် စိန်ခေါ်မှုများ၊ မိမိတို့နိုင်ငံအပေါ် နိုင်ငံရေးရည်ရွယ်ချက်ဖြင့် တမင်ဖန်တီးလာသည့် ပိတ်ဆို့ဟန့်တား၊ နှောင့်ယှက်မှုများကို ရင်ဆိုင်ကျော်လွှားနိုင်စေရအောင်နှင့် အခြေအနေ အချိန်အခါ အရပ်ရပ်တွင် နိုင်ငံနှင့် လူမျိုး၏ အကျိုးစီးပွား၊ တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်စေရအောင် ရေရှည်မျှော်တွေးသည့် အစီအမံများ ချမှတ်ဆောင်ရွက်ထားကြပါဟု တစ်ဆက်တည်းမှာကြားလိုကြောင်း။

နိုင်ငံတော်၏ အမျိုးသားစီးပွားရေး ရည်မှန်းချက်သည် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး၊ အမျိုးသားခနအင်အားတိုးပွားခိုင်မာရေးနှင့် နိုင်ငံသူ နိုင်ငံသားများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားရေး အခြေခံကောင်းများကို အမျိုးသားစီးပွားရေးဘဝ တိုးတက်ဖြစ်ထွန်းမှုကတစ်ဆင့် ဖော်ဆောင်ပေးနိုင်ရန်ပင်ဖြစ်ကြောင်း။

နိုင်ငံ၏ ခနအင်အားခိုင်မာမှု၊ နိုင်ငံ၏စီးပွားရေးတည်ငြိမ်မှုနှင့် တိုးတက်ဖြစ်ထွန်းမှုတို့ကို ဖော်ဆောင်ပေးနိုင်မည့် တိုင်းရင်းသားစီးပွားရေးလုပ်ငန်းရှင်များ အင်နှင့်အားနှင့် ပေါ်ထွန်းနေမှု၊ ပြည်သူများ၏ လူမှုစီးပွားရေးဘဝ တိုးတက်မြင့်မားမှု အကြောင်းတရားများသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော်ကြီး ဖြစ်ထွန်းတည်တံ့ခိုင်မြဲမှု အကျိုးရလဒ်ကောင်းကို ဖန်တီးပေးနိုင်မှာ အမှန်ပင်ဖြစ်ကြောင်း။

အနာဂတ်ကာလတွင် ဖြစ်ပေါ်လာမည့် ဒီမိုကရေစီနိုင်ငံတော်သစ်ကြီးတွင် တည်ငြိမ်ခိုင်မာပြီး စွမ်းဆောင်ရည်ထက်မြက်သည့် စီးပွားရေးအခြေခံကောင်းများ ဆက်လက်တည်တံ့ခိုင်မြဲ တိုးတက်ဖြစ်ထွန်းစေရေးအတွက် အာမခံပေးနိုင်မည့် စီးပွားရေးဆိုင်ရာ အခြေခံမူများကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းတွင် ထည့်သွင်းထားပြီးဖြစ်ကြောင်း၊ ဤအခြေခံမူများတွင် နိုင်ငံတော်၊ သမဝါယမ၊ ဖက်စပ်နှင့် ပုဂ္ဂလိက စသည့် စီးပွားရေးအင်အားစုအားလုံးကို စီးပွားရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခွင့်ပြုရန်၊ စီးပွားရေးဆိုင်ရာလုပ်ငန်းများကို နိုင်ငံပိုင်သိမ်းယူခြင်းမပြုရန်၊ တရားဝင်ထုတ်ဝေထားသော ငွေကြေးကို တရားမဝင်ငွေကြေးအဖြစ် သတ်မှတ်ခြင်းမပြုရန် စသည့် အချက်များကို ထည့်သွင်းသတ်မှတ်ပေးထားပြီးဖြစ်ကြောင်း။

ဈေးကွက်စီးပွားရေးစနစ်နှင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်မှုကို ရေရှည်အာမခံနိုင်မည့် ယင်းအခြေခံမူများအပါအဝင် အနာဂတ်ဒီမိုကရေစီနိုင်ငံတော်သစ်အတွက် အခြေခံပြဋ္ဌာန်းချက်များဖြစ်သည့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေးသည် နိုင်ငံသူနိုင်ငံသားအားလုံးအတွက် အမျိုးသားရေးတာဝန်တစ်ရပ်ပင်ဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စု မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ကြီးနှင့် အသင်းဝင်များအားလုံးကလည်း မိမိတို့ရရှိတဲ့ မဲပေးပိုင်ခွင့်အခွင့်အရေးကို လက်လွှတ်ဆုံးရှုံးမခံဘဲ အခြားသော ပြည်သူများနည်းတူ အခြေခံဥပဒေမူကြမ်း အတည်ပြုရေးလုပ်ငန်းစဉ်ကြီး အောင်မြင်ဖြစ်ထွန်းစေရအောင် အမျိုးသားရေးအသိဖြင့် တညီတညွတ်တည်း ပူးပေါင်းဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

နိဂုံးချုပ်အနေဖြင့် ပြောကြားလိုသည်မှာ ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ကြီးအနေဖြင့် ပုဂ္ဂလိကစီးပွားရေးကဏ္ဍတွင် အမြင့်ဆုံးသော NGO အသင်းကြီးဖြစ်သည့်အားလျော်စွာ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာအောင် ဦးဆောင်စည်းရုံး ကူညီပံ့ပိုး ဆောင်ရွက်ပေးရင်း နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် အထောက်အကူပြုနိုင်ပါစေ၊ အေးချမ်းသာယာ၍ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီး တည်ဆောက်ရာတွင် တစ်တပ်တစ်အားပါဝင်ဆောင်ရွက်နိုင်ပါစေဟု ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားပြီး အစည်းအဝေးပထမပိုင်းကို ရပ်နားလိုက်သည်။

အစည်းအဝေးပထမပိုင်း အစီအစဉ်များအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်သည် အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်ဥက္ကဋ္ဌ၊ ဗဟိုအလုပ်အမှုဆောင်အဖွဲ့ဝင်များနှင့် အလုပ်အမှုဆောင်အဖွဲ့ဝင်များ၊ အကြံပေးပုဂ္ဂိုလ်များနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်သည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ်သည် အစည်းအဝေး တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ပြီး အစည်းအဝေးတွင် ခင်းကျင်းပြသထားသော နေပြည်တော်တွင် တည်ဆောက်မည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံး၏ ပုံစံငယ်၊ အသင်းချုပ်၏ ပြည်တွင်းပြည်ပဆောင်ရွက်ချက် မှတ်တမ်းတင်ဓာတ်ပုံများ၊ ညီနောင်အသင်းများ၏ဆောင်ရွက်ချက် မှတ်တမ်းတင်ဓာတ်ပုံများကို လှည့်လည်ကြည့်ရှုအားပေးသည်။ (သတင်းစဉ်)

ဖလားဝါးနယူးစ်ဂျာနယ် အတွဲ (၄) အမှတ် (၁၂) ဖြန့်ချိ

ရန်ကုန် မတ် ၁၆

ယခုတစ်ပတ်ထုတ် ဖလားဝါးနယူးစ်ဂျာနယ် အတွဲ(၄)၊ အမှတ်(၁၂)တွင် ကိုကို(စက်မှု တက္ကသိုလ်)၏'သူ့အတွက် မင်္ဂလာ၊ ကိုယ့်အတွက် မင်္ဂလာ'အယ်ဒီတာ့ဒိုင်ယာရီနှင့်အတူ သရုပ်ဆောင် နိုင်းနိုင်းက သူ့ဇနီးနှင့် ပတ်သက်သည့် သတင်းသည် လုံးဝမှားယွင်းဟုပြောကြား၊ ကမ်းရိုးတန်းဒေသပြည်နယ်နှင့်တိုင်းများသို့ စီဒီအမ်အေမိုဘိုင်းလ်ဖုန်း ခြောက်သောင်းကျော်ချပေးတော့မည်၊ ပြည်ပအလုပ်အကိုင်အေးဂျင့်အချို့၏ ဆောင်ရွက်ပေးမှု နည်းစနစ်မမှန်ကန်ခြင်းကြောင့် မလေးရှားတွင် လုပ်ကိုင်နေသူလုပ်သားများ အခွင့်အရေးနစ်နာမှုများရှိနေ၊ မြန်မာနိုင်ငံအား ကမ္ဘာ့ပထမအများဆုံး ပဲတင်ပို့သည့်နိုင်ငံဖြစ်အောင် ဆောင်ရွက်မည် စသည့် ပြည်တွင်းရေးရာ သတင်းများနှင့်အတူ 'ထာဝရငြိမ်းချမ်းမှုရသွားပြီလား သဘာဝရဲ့ရင်သွေးငယ်'စိုင်းထီးဆိုင်၏ နောက်ဆုံးခရီးမှတ်တမ်း၊ အလုပ်နှင့် ပညာရေးလမ်းညွှန် 'ဂဟေဆက်ပညာဖြင့် သက်မွေးလိုလျှင်' ကဲ့သို့သော သုံးသပ်ဆောင်းပါးများ ဝေဝေဆာဆာဖြင့် ယနေ့ထွက်ရှိလာပြီဖြစ်သည်။

'ခေါင်းဆောင်မှုဆိုတာ တစ်စုံတစ်ခုအတွက် ရပ်တည်ပေးတာပါ' တိုင်းမ်ဝါနာကုမ္ပဏီကြီး၏ဥက္ကဋ္ဌနှင့် အမှုဆောင်အရာရှိချုပ် ရစ်ချက်ဒီပါဆွန်နှင့်တွေ့ဆုံခြင်း အင်တာဗျူးဆောင်းပါးနှင့်အတူ တူရကီနှင့် အီရတ်စစ်ဖြစ်လာလျှင် အမေရိကန်၏ ပယောဂမကင်း၊ မိမိတွင် အပြစ်မရှိကြောင်း တရားရုံးတွင် သက်ဆင်လျှောက်လဲ၊ မိခင်နှင့်သမီး ပဋိပက္ခဖြစ်မှုနှင့် သွေးတွင်းဓာတ်ပေါင်းစု အဆင့်နိမ့်ကျမှုများက စိတ်ပိုင်းဆိုင်ရာချို့ယွင်းစေနိုင်၊ အိန္ဒိယတွင် ခွေးလေခွေးလွင့် တစ်သိန်းကျော် အဆိပ်ခတ်သတ်မည်၊ ပြည့်တန်ဆာနှင့် ပတ်သက်ခဲ့၍ နယူးယောက်ပြည်နယ် အုပ်ချုပ်ရေးမှူး ရာထူးက နုတ်ထွက်သွားရ၊ မိုဘိုင်းလ်ဖုန်းလက်ပတ်နာရီပတ်၍ စာမေးပွဲဝင်ဖြေဆိုခဲ့သူ အဖမ်းခံရ၊ ကလေးများများမွေးလျှင် အကျိုးခံစားခွင့်ရှိမည်၊ သေလျှင် အပြစ်ပေးခံရမည် စသည့် နိုင်ငံတကာရေးရာသတင်းများ၊ သုံးသပ်ချက်ဆောင်းပါးများ၊ စီးပွားရေး၊ ကျန်းမာရေး၊ ဖျော်ဖြေရေးနှင့် အားကစားကဏ္ဍစုံလင်စွာဖြင့် e-Empire Media House က မြန်မာတစ်ပြည်လုံး ဖြန့်ချိလိုက်ပြီဖြစ်သည်။ (သတင်းစဉ်)

မတ် ၁ ရက်က တောင်ဥက္ကလာပမြို့နယ် (၁၄)ရပ်ကွက် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ အဆောက်အအုံ ဆောက်လုပ်ရေးစီမံကိန်း အထူးအဖွဲ့ (၅)မှ အင်ဂျင်နီယာမှူးရုံးနှင့် လက်ထောက်အင်ဂျင်နီယာမြို့ပြ (၄) သို့လှောင်ရုံတို့တွင် မီးဘေးအန္တရာယ်ကြိုတင် ကာကွယ်ရေး အသိပညာပေး ဟောပြောခြင်းနှင့် လက်တွေ့မီးငြိမ်းသတ် သရုပ်ပြသခြင်းတို့ကို တောင်ဥက္ကလာပမြို့နယ် မီးသတ်ဦးစီးဌာနမှူး ဦးစိုးဝင်းနှင့်အဖွဲ့ ဆောင်ရွက်စဉ်။

(မြို့နယ် ပြန်/ဆက်)

(၆၃)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

၁။ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်သစ် တည်ဆောက်ရာတွင် ပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်အောင်မြင်ရေးအတွက် တိုင်းရင်းသားပြည်သူတို့နှင့်အတူ လက်တွဲကြိုးပမ်း အကောင်အထည်ဖော်ဆောင်ရွက်ရေး။

၃။ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးကို ဟန့်တားနှောင့်ယှက်သော ပြည်တွင်း၊ ပြည်ပ အဖျက်သမားများကို ပြည်သူတို့နှင့်အတူ လက်တွဲ၍ ပြည်ထောင်စုစိတ်ဓာတ်ဖြင့် ချေမှုန်းရေး။

၄။ ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်နိုင်ရန် အင်အားတောင့်တင်းပြီး စွမ်းရည်ထက်မြက်သော ခေတ်မီမျိုးချစ်တပ်မတော် တည်ဆောက်ရေး။

ကုန်သည်/စက်မှုအသင်းချုပ် နှစ်ပတ်လည် စုံညီအစည်းအဝေး ဒုတိယပိုင်းကျင်းပ

နေပြည်တော် မတ် ၁၆

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၇)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီအစည်းအဝေး ဒုတိယပိုင်းအစီအစဉ်များကို ယနေ့မွန်းလွဲ ၂နာရီခွဲတွင် ဆက်လက်ကျင်းပသည်။

ဒုတိယပိုင်း

အစည်းအဝေး ဒုတိယပိုင်းတွင် သဘာပတိအဖြစ် ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် အစည်းအဝေးသို့ အထူးဧည့်သည်များအဖြစ် တက်ရောက်လာကြသော ပို့ကုန်သွင်းကုန်လုပ်ငန်းများ မှန်ကန်မြန်ဆန်ရေးအဖွဲ့ ဥက္ကဋ္ဌ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ပို့ကုန်သွင်းကုန်လုပ်ငန်းများ မှန်ကန်မြန်ဆန်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စု မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် နာယက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်တင်နိုင်သိန်းတို့က အသီးသီး အမှာစကားပြောကြားကြသည်။

ဆက်လက်၍ အသင်းချုပ် အထွေထွေအတွင်းရေးမှူး ဦးစိန်ဝင်းလှိုင်က အလုပ်အမှုဆောင်အဖွဲ့၏ ၂၀၀၇-၂၀၀၈ ခုနှစ် နှစ်ပတ်လည်အစီရင်ခံစာနှင့် နှစ်ချုပ်ငွေစာရင်းရှင်းတမ်းကို ဖတ်ကြားတင်ပြပြီး အစည်းအဝေး၏ အတည်ပြုချက်ကို ရယူသည်။

ယင်းနောက် သဘာပတိ ကုန်သည်စက်မှုအသင်းချုပ် ဥက္ကဋ္ဌ ဦးဝင်းမြင့်က နိဂုံးချုပ် အမှာစကားပြောကြားပြီး အစည်းအဝေးကို ညနေပိုင်းတွင် ရပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

မဟာစည် မြဝတီသာသနာ့ရိပ်သာ စုပေါင်းရဟန်းခံရှင်ပြုနှင့် တရားစခန်းဖွင့်မည်

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်း သင်္ဃန်းကျွန်းမြို့နယ် ကြီးပွားရေးရပ်ကွက် မဟာစည်မြဝတီသာသနာ့ရိပ်သာ (၁၇)ကြိမ်မြောက် စုပေါင်းရဟန်းခံ၊ ရှင်ပြု၊ သီလရှင်ဝတ်ပွဲ၊ ဗုဒ္ဓဘာသာ ယဉ်ကျေးမှု တစ်လသင်တန်းနှင့် ဝိပဿနာတရားအားထုတ်ပွဲကို မတ် ၂၂ ရက်(စနေနေ့) ညနေ ၃ နာရီတွင် ရှင်လောင်း၊ ရဟန်းလောင်းများသင်္ကန်းဝတ်ပြီး မတ် ၂၃ ရက် (တနင်္ဂနွေနေ့) နံနက်၇နာရီတွင် ရဟန်းလောင်းများ သိမ်တက်၍ သီလရှင်လောင်းများဆံချကာသီလရှင်ဝတ်ပွဲကျင်းပပြီး နံနက် ၉ နာရီတွင် အနုမောဒနာ ရေစက်ချတရားချီးမြှင့်၍ ဆရာတော် သံဃာတော်များ ရဟန်း၊ သာမဏေများနှင့် သီလရှင်များအား သိမ်ဆင်းလောင်းလှူကြမည်ဖြစ်ရာ သဒ္ဓါအလျောက် လှူဒါန်းလိုပါက ရဟန်းတစ်ပါး သင်္ကန်းပရိက္ခရာစုံ ကျပ် ၂၀၀၀၀၊ သာမဏေတစ်ပါးအတွက် သင်္ကန်းပရိက္ခရာစုံ ကျပ် ၁၂၀၀၀၊ သီလရှင်တစ်ပါးအတွက် ဝတ်စုံတစ်စုံလျှင် ငွေကျပ် ၁၀၀၀၀ နှင့် ယင်းအလှူပွဲတော်တွင် နေ့ဆွမ်း၊ အရုဏ်ဆွမ်း၊ အချိုပွဲနှင့် ညနေဖျော်ရည် အအေး၊ ဆွမ်းတို့ကို လှူဒါန်းလိုပါက မြဝတီသာသနာ့ရိပ်သာ ဖုန်း- ၅၇၂၆၆၄ သို့ ဆက်သွယ်စာရင်းပေးသွင်းလှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၇-၃-၂၀၀၈ (တနင်္လာနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ **တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမ သာရ၏ ပရိတ်တရားတော်**
- ၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇:၃၀ ၃။ နံနက်ခင်းသတင်း
- ၇:၄၀ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၇:၅၀ ၅။ တေးဂီတအစီအစဉ်
- ၈:၀၀ ၆။ နိုင်ငံ့စီးပွားအလေးထား ကျေးလက်ထုတ်ကုန်များ
- ၈:၁၀ ၇။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၂၀ ၈။ ယဉ်ကျေးလိမ္မာ (၃၈) ဖြာမင်္ဂလာ
- ၈:၃၀ ၉။ International News.
- ၈:၄၅ ၁၀။ ကြေးမုံရိပ်သွင်တေးနှယဉ်
- ၉:၀၀ ၁၁။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄:၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄:၁၀ ၂။ တပ်မတော်နေ့ဂုဏ်ပြု တေးသီချင်းပြိုင်ပွဲဆုရတေးများ
- ၄:၂၀ ၃။ လုံ-လုံ-လုံ(ဖိုးညဏ်၊မေကဗျာ ဖြိုးသီရိခေတ်)(ဒါရိုက်တာ-မလိခစိုးထိုက်အောင်)
- ၄:၃၀ ၄။ တေးဂီတအစီအစဉ်
- ၄:၄၀ ၅။ နားဝင်ပီယံသူ့လက်သံ
- ၄:၄၅ ၆။ အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - ပထမနှစ် (ရသစာပေအရေးအသား အထူးပြု) (ရသစာပေအရေးအသား)
- ၅:၀၀ ၇။ မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
- ၅:၁၅ ၈။ တေးဂီတအစီအစဉ်
- ၅:၃၀ ၉။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅:၄၀ ၁၀။ (၆၃)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၆:၀၀ ၁၁။ ညနေခင်းသတင်း
- ၆:၃၀ ၁၂။ မိုးလေဝသအခြေအနေ
- ၆:၃၅ ၁၃။ အလှရှာမယ်အလှကမ္ဘာဝယ်
- ၆:၅၀ ၁၄။ တေးဂီတအစီအစဉ်
- ၇:၀၀ ၁၅။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ချစ်တယ်....ချစ်တယ်" (အပိုင်း-၈)**
- ၈:၀၀ ၁၆။ ပြည်တွင်းသတင်း
- ၁၇။ နိုင်ငံတကာသတင်းများ
- ၁၈။ မိုးလေဝသအခြေအနေ
- ၁၉။ တေးဂီတအစီအစဉ်
- ၂၀။ **နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာမျဉ်းပြိုင်" (အပိုင်း-၁၂)**
- ၂၁။ အစီအစဉ်ပြီး၏။

အကြိမ်(၃၀)မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနား ကျင်းပ

နေပြည်တော် မတ် ၁၆

၂၀၀၈ ခုနှစ် အကြိမ် (၃၀) မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက်ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၄ ရက်တွင် မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် တင်ငွေ၊ မြန်မာနိုင်ငံအိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် နာယက ဗိုလ်ချုပ် ဝင်းလှိုင် (အငြိမ်းစား)၊ ဥက္ကဋ္ဌ ဦးတေဇနှင့် အမှုဆောင်များ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းနှင့် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီတို့မှ တာဝန်ရှိသူများ၊ ပြည်နယ်နှင့်တိုင်းအသီးသီးတို့မှ အသင်းအုပ်ချုပ်သူ၊ နည်းပြများနှင့်အားကစားသမားများ၊ ဂေါက်သီးဝါသနာရှင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ ယမန်နှစ်ချန်ပီယံ ရန်ကုန်တိုင်းအသင်းက တံခွန်စိုက်ဆုဖလားကို ဝန်ကြီးထံ ပြန်လည်အပ်နှံ၍ ဝန်ကြီးက အမှာစကားပြောကြားပြီး ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ ဝန်ကြီး၊ မန္တလေးမြို့တော်ဝန်၊ မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် နာယကနှင့် ဥက္ကဋ္ဌတို့က ပြိုင်ပွဲဝင် အသင်းများအား လိုက်လံနှုတ်ဆက်ကြပြီး အားကစားသမားများက အားကစားသစ္စာ အဓိဋ္ဌာန် (၄) ချက်ကို ရွတ်ဆိုကြသည်။

ထို့နောက် တိုင်းမှူး၊ ဝန်ကြီး၊ မန္တလေးမြို့တော်ဝန်နှင့် မြန်မာနိုင်ငံဂေါက်သီးရိုက်အဖွဲ့ချုပ် ဥက္ကဋ္ဌတို့က ပြိုင်ပွဲကို ဂေါက်သီးရိုက်၍ ဖွင့်လှစ်ပေးကြပြီး ပထမနေ့ပြိုင်ပွဲကို စတင်ကျင်းပသည်။ အဆိုပါ ပြိုင်ပွဲကို မတ် ၁၇ ရက်အထိ မန္တလေးမြို့ ရေတံခွန်တောင်ဂေါက်ကွင်း၌ ကျင်းပသွား မည်ဖြစ်ကြောင်းနှင့် ပြည်နယ်နှင့်တိုင်း အသင်း ၁၂ သင်းတို့ ပါဝင်ယှဉ်ပြိုင် ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရအေးမြင့် ၂၀၀၈ ခုနှစ် အကြိမ် (၃၀) မြောက် ပြည်နယ်နှင့်တိုင်း အသင်းလိုက် တံခွန်စိုက် ဂေါက်သီးရိုက်ပြိုင်ပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် ဆဋ္ဌသင်္ဂါယနာ၊ သာသနာ့သမိုင်းဝင် သီရိမင်္ဂလာ ကမ္ဘာအေးစေတီတော်မြတ်ကြီး၏ ထီးတော်သစ်တင်လှူပူဇော်နိုင်ရန်အတွက် ရန်ကုန်မြို့၊ လသာမြို့နယ်၊ ၂၁ လမ်းနေ ကိုလှမောင်-မသန်းသန်းဝင်း မိသားစုက အလှူငွေကျပ် ၁၅၀၀၀၀ ကို လှူဒါန်းရာ ဂေါပကအဖွဲ့ဝင်များဖြစ်ကြသော ဦးလှမင်း၊ ဦးစိန်ဦး၊ ဦးထွန်းဝင်းနှင့် ဦးသိန်းဦးတို့ လက်ခံယူစဉ်။ (က-ပ)

မဟာစည်တရားတော်ပြန့်ပွားရေး ဇင်ဦးချိုဖောင်ဒေးရှင်းမှ လှူဒါန်း

ရန်ကုန် မတ် ၁၆

မဟာစည်ဆရာတော်ကြီး၏ တရားတော်ပြန့်ပွားရေးအတွက် ဗုဒ္ဓသာသနာနုဂ္ဂဟအဖွဲ့ချုပ် (မဟာစည် သာသနာ့ရိပ်သာ) အမှုဆောင် တစ်ဦးဖြစ်သူ ဦးသိန်းထိုက်ဦး၊ ဇနီး ဒေါ်မျိုးမျိုးမင်း၊ သမီး ဇေဇင်ဦး မိသားစုတို့က ဆရာကြီး ဝဏ္ဏကျော်ထင် ဓမ္မိက ဦးဘသန်း ရေးသားသော မဟာစည်မထေရ်မြတ် အတ္ထုပ္ပတ္တိ အုပ်ရေ-၁၅၀၀၊ တက္ကသိုလ် စိုးမြိုင် မြန်မာပြန်သော ကိုယ်တွေ့မဟာစည် (An Experiment in Mindfulness) အုပ်ရေ ၁၅၀၀ နှင့် လယ်တီဦးလှတင် ရေးသားသော သတိုးသီရိသုဓမ္မသူဌေးကြီး ဆာဦးသွင် အတ္ထုပ္ပတ္တိ အုပ်ရေ ၁၅၀၀ စာအုပ်များ စဉ်ဆက်မပျက် ထုတ်ဝေနိုင်ရန် ဦးသိန်းထိုက်ဦး၏ အသက် ၄၀ ပြည့်မွေးနေ့ အထိမ်းအမှတ်အဖြစ် ဇန်နဝါရီ ၁၁ ရက်တွင် ငွေကျပ် ၅၁ သိန်း နှစ်သောင်းကို ဇင်ဦးချိုဖောင်ဒေးရှင်း ရန်ပုံငွေအဖြစ် မဟာစည်သာသနာ့ရိပ်သာ ဩဝါဒါစရိယနှင့် နာယက ဆရာတော်များ ရှေ့မှောက်တွင် ရေစက်သွန်းချ အမျှပေးဝေပြီး ဗုဒ္ဓသာသနာနုဂ္ဂဟ အဖွဲ့ချုပ် အမှုဆောင်လူကြီးများထံ ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အောက်ပုံ) (ကြေးမုံ)

မဟာရင် ဂိုဏ်းချုပ် ဆရာတော်ကြီး သက်တော်(၉၀)ပြည့် ပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲ

ရန်ကုန် မတ် ၁၆

မွန်ပြည်နယ် မော်လမြိုင်မြို့နယ် ကတိုးစံပြကျေးရွာ မဟာရင်ကျောင်း ပရိယတ္တိ စာသင်တိုက်ကြီး၏ ဦးစီးနာယက နိုင်ငံတော် ဩဝါဒါစရိယ၊ ဘဒ္ဒန္တ အာဒိစ္စမဟာထေရ် (သာသနဇောတိကဓဇ ဓမ္မာစရိယ၊ အဂ္ဂမဟာပဏ္ဍိတ၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက) ဓမ္မယုတ္တိကနိကာယသံဃနာယက မဟာရင် ဂိုဏ်းချုပ် ဆရာတော်ကြီး သက်တော်(၉၀) ပြည့်ပူဇော်ပွဲနှင့် ဩဝါဒခံယူပွဲကို (၁၃၆၉ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၁ ရက်) မတ် ၂၂ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့၊ ကျိုက်သီမွန်ပါဠိတက္ကသိုလ်ကျောင်း စာသင်တိုက်၌ ကျင်းပမည်ဖြစ်ပါ၍ ကြွရောက်ကြည်ညိုကြပါရန် ဖိတ်ကြားထားသည်။

(က-ပ)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီးဖြစ်မြောက်ရေး ကော်မတီ (ရွှေသီဂီရတနာဓမ္မာရုံ၊ ၉၈ ရွှေဘုံသာလမ်း၊ ပန်းဘဲတန်းမြို့နယ်)သို့ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်၊ စမ်းချောင်းလမ်းနေ နှစ်ဖက်မိဘများ အမှူးထား၍ ဦးစစ်သိန်း၊ ဒေါ်အေးအေးလှိုင်၊ သား မောင်ဥက္ကာကျော် မိသားစုက ငွေကျပ် ၁၀၀၀၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

တောင်ကြီးကောလိပ်၊ ဒေသကောလိပ် ကျောင်းသားဟောင်းများ အာစရိယပူဇော်မည်

ရန်ကုန် မတ် ၁၆

တောင်ကြီးကောလိပ်နှင့် တောင်ကြီးဒေသကောလိပ်တွင် (၁၉၇၅-၇၆ မှ ၁၉၈၁-၈၂) ခုနှစ်အထိ တက်ရောက်ခဲ့သော ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် အာစရိယပူဇော်ပွဲနှင့် တွေ့ဆုံ ညစာစားပွဲကို မေ ၁၉ ရက် (တနင်္လာနေ့) ကဆုန်လပြည့်နေ့ ညနေ ၄ နာရီတွင် တောင်ကြီးတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမရှေ့မြက်ခင်းပြင်၌ ကျင်းပမည်ဖြစ်သည်။ ကန်တော့ခံဆရာ၊ ဆရာမများ တက်ရောက်ကြပါရန်နှင့် တောင်ကြီးမှ ကိုစံလင်း ဖုန်း-၀၉-၅၁၁၈၄၄၅၊ ၂၃၄၉၆၊ ကိုထွန်းအေး (တုံဟွာ၊ ဖုန်း-၀၉၅၂၁၀၄၂၅)၊ ကိုခင်မောင်ရွှေ ဖုန်း-၀၉၅၂၁၃၈၀၇၊ ရန်ကုန်မှ ကိုထွန်းမြင့်လော ဖုန်း-၀၁-၂၁၀၃၉၃၊ ကိုအောင်ကျော်မိုး ဖုန်း-၀၁-၅၄၂၃၆၂၊ စိုင်းအောင်မြင့်ခိုင် ဖုန်း-၀၁-၆၈၂၈၄၃၊ မန္တလေးမှ ကိုဝင်းထွန်း ဖုန်း-၀၉၂၀၀၃၉၁၅၊ ၈၀၆၁၃၊ Dr. မခင်သက်ဝေ ဖုန်း-၀၉-၂၀၀၉၃၈၂၊ ကျိုင်းတုံ၊ တာချီလိတ်မှ ကိုအလီ ဖုန်း ၀၉-၅၂၅၀၇၇၅၊ ၂၁၇၇၅၊ မညွန့်ညွန့်သိန်း ဖုန်း-၀၈၄-၂၁၃၆၃၊ လားရှိုးမှ မမော်လီချို ဖုန်း၀၉-၅၁၁၁၄၆၉ တို့သို့ ဆက်သွယ်၍ လှူဒါန်းနိုင်ကြောင်း သတင်းရရှိသည်။

(က-ပ)

မတ် ၁၁ ရက်က မြန်မာနိုင်ငံ အမျိုးသမီးရေးအရာအဖွဲ့ချုပ် အမျိုးသမီးများ လူနေမှုဘဝမြှင့်တင်ရေးလုပ်ငန်းအဖွဲ့နှင့် ဝါဝါသန်း အလှပြုပြင်ရေးတို့ ပူးပေါင်းဖွင့်လှစ်သည့် အခြေခံဆံပင်၊ မိတ်ကပ်အလှပြင် သင်တန်းအမှတ်စဉ် (၁/၂၀၀၈) ဆင်းပွဲနှင့် (၂/၂၀၀၈) ဖွင့်ပွဲ အခမ်းအနားတွင် အမျိုးသမီးများ လူနေမှုဘဝ မြှင့်တင်ရေးလုပ်ငန်း အဖွဲ့ခေါင်းဆောင် ဒေါ်အေးအေးက သင်တန်းမှူးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်စဉ်။ (အမျိုးသမီးရေးရာ)

ရေလယ်ကျွန်း ရွှေဘုန်းပွင့်စေတီတော် အလှူရှင်များ ရေစက်ချပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၆

ညောင်လေးပင်မြို့နယ်၊ မဒေါက်မြို့အနီး သောင်ကြီးကျေးရွာ၌ တည်ထားကိုးကွယ်သည့် ရေလယ်ကျွန်း ရွှေဘုန်းပွင့် ပြည်တော်အေး ဆုတောင်းပြည့်စေတီတော်မြတ်တွင် ရန်ကုန်တိုင်း၊ သုဝဏ္ဏမြို့၊ အင်ကြင်းမြိုင်လမ်းနေ ဂေါပက ဥက္ကဋ္ဌ ဦးကျော်ဝ ဦးဆောင်၍ ဂေါပကအဖွဲ့ဝင်များ၊ ရန်ကုန်မြို့နှင့် အနယ်နယ်အရပ်ရပ်မှ အလှူရှင်များ စုပေါင်းလှူဒါန်းငွေကျပ် ၁၅၃ သိန်းဖြင့် ဘက်စုံသာသနိက အဆောက်အအုံများ တည်ဆောက်ပြီးဖြစ်ပါ၍ နှောင်းတန်ခူးလဆန်း ၄ ရက်၊ ဧပြီ ၉ ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၉ နာရီတွင် လှူဒါန်းမှု အစုစုတို့ကို ရေစက်သွန်းချ အမျှပေးဝေမည်ဖြစ်၍ လှူဒါန်းလိုသူများ၊ ဖုန်း-၅၇၀၉၆၅ နှင့် ၅၇၈၀၂၅ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ပြီး ရပ်နီး၊ ရပ်ဝေးမှ အလှူရှင်များ ဖိတ်စာရသည် ဖြစ်စေ၊ မရသည်ဖြစ်စေ သာဓုအနုမောဒနာ ပြုနိုင်ကြသည်ဟု သိရသည်။

(၂၃)

သင့်သွေးဖြင့် အသက်ကယ်ပါ

အင်ဂျင်မပါသော လျှပ်စစ်ကား အိုင်အယ်လ်ဘီစီမှ တီထွင် ဘက်ထရီအိုးမှထုတ်သော လျှပ်စစ်အားဖြင့် မော်တာကို လည်ပတ်မောင်းနှင်

သတင်းထောက် သန်းဆွေ(ပန်းဘဲတန်း)

မြို့တော်ခန်းမရှေ့ဝင်းအတွင်း ကားရပ်နားရန်နေရာ၌ ကားငယ်တစ်စီးကို လူအများဝိုင်းကြည့်နေကြသည်ကိုတွေ့ရ၍ စာရေးသူလည်း ဝင်ကြည့်မိသည်။ တစ်ဦးက လျှပ်စစ်စွမ်းအားသုံးကားဟု ပြောပြသည်။ ယခုကားသည် အင်ဂျင်မပါ။ ဘက်ထရီအားပြုပြီး မော်တာလည်ပတ်မှု စွမ်းအားဖြင့် မောင်းနှင်နိုင်ကြောင်းဖြင့် စကားဆက်ပြန်သည်။ ယခုကားသည် တွေ့နေကျကားများကဲ့သို့ စက်သံမထွက်၊ စက်သံလုံးဝ တိတ်ဆိတ်ပြီး တရိပ်ရိပ်ပြေးလွှားနေသော အသံတိတ်ကားဖြစ်သည်။

မကြာမီမှာပင် စာရေးသူသည် လျှပ်စစ်စွမ်းအားသုံးကားကို တီထွင်ထုတ်လုပ်ခဲ့သည့် INTERNATIONAL LANGUAGE & BUSINESS CENTRE မှ မန်နေဂျင်းဒါရိုက်တာ ဦးတင်မောင်ဝင်းနှင့် တွေ့ဆုံခွင့်ရပြီး ၎င်း၏ဖိတ်ကြားချက်အရ တာမွေမြို့နယ် လေးထောင့်ကန်လမ်းရှိ အလုပ်ရုံသို့ ရောက်ရှိခဲ့သည်။ လျှပ်စစ်စွမ်းအားသုံးကား တီထွင်နေသည်ကို မေးမြန်းမိသည်။

– လျှပ်စစ်စွမ်းအားသုံးကားစတင်ဖြစ်ပေါ်လာပုံ ပြောပြစေလိုပါတယ်။

ကျောင်းမှာ ကျောင်းသားတွေကို သိပ္ပံလက်တွေ့လုပ်ငန်းတွေ သင်တန်းပေးနေရာက ၂၀၀၂ ခုနှစ်မှာ ဆိုက်ကားသာသာကားလို့ ခေါ်ရမယ့်ကားငယ်တစ်စီး တီထွင်နိုင်ခဲ့ပါတယ်။ တီထွင်လိုက်တဲ့ ကားလေးက အင်ဂျင်မပါဘူး၊ ဘက်ထရီအားနဲ့ သွားတဲ့ကားလေးပါ။

– နမူနာတစ်ခုခုကိုယူပြီး အကောင်အထည်ဖော်တာပါလား။

နမူနာယူပြီးလုပ်တာမဟုတ်ပါဘူး။ စိတ်ကူးကနေ လက်တွေ့အကောင်အထည်ဖော်တာပါ။ ကျောင်းသားစိတ်ကူး၊ ဆရာ့စိတ်ကူးနဲ့ဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ်မှာ ကားစဖြစ်လာတော့ အဲဒီနောက်ပိုင်း တောက်လျှောက်

တစ်နာရီ ကီလိုမီတာ ၅၀၊ ၆၀ မောင်းနှင်နိုင်သည့် လျှပ်စစ်စွမ်းအားသုံးကားကို တွေ့ရစဉ်။

နေ့ရောညရော၊ ကျောင်းကဌာနမှူးတွေရော၊ ကျွန်တော်ရော၊ ကျွန်တော့်တပည့်ကျောင်းသားတွေပါ ကြိုးစားကြတာပါ။

အဲဒီလိုကြိုးစားခဲ့လို့လည်း ကျွန်တော့်လျှပ်စစ်စွမ်းအားသုံး ကားဟာ အများလက်ခံနိုင်တဲ့အဆင့်လည်း ခရီးပေါက်ခဲ့ပါပြီ။ ဒီလိုဖြစ်လာအောင်လည်း ကျွန်တော့်ကျောင်းက ရူပဗေဒဌာနမှူး ဦးအောင်ပိတ်အင်၊ ဓာတုဗေဒဌာနဌာနမှူး ဦးလှဝင်း၊ ကွန်ပျူတာဌာန၊ သင်္ချာဌာနက ဌာနမှူးစတဲ့ ဆရာတွေရဲ့ အတွေးအခေါ်တွေလည်း အများကြီးပါပါတယ်။

– လျှပ်စစ်စွမ်းအားသုံးကားမှာ အင်ဂျင်အစားအသုံးပြုတဲ့ နည်းပညာ ပြောပြပေးပါ။

လွယ်လွယ်ကူကူပါပဲ။ အင်ဂျင်နေရာမှာ လျှပ်စစ်မော်တာကို ထည့်လိုက်တယ်။ အင်ဂျင်ကတော့ ဓာတ်ဆီ၊ ဒီဇယ်စွမ်းအားနဲ့ လည်ပတ်တယ်။ မော်တာကတော့ လျှပ်စစ်စွမ်းအားနဲ့ လည်ပတ်တယ်။ ဘယ်ကနေ လျှပ်စစ်ရသလဲဆိုရင် ဘက်ထရီအိုးကရတယ်။ ဘက်ထရီအိုးက လျှပ်စစ်စုဆောင်းတယ်။ ဘက်ထရီအိုးကနေ လျှပ်စစ်ထုတ်သုံးတယ်။ လျှပ်စစ်ကြောင့် မော်တာလည်တယ်။ မော်တာလည်တဲ့အခါမှာ ဂီယာမပါဘဲ သုံးတာရှိသလို ဂီယာအသုံးပြု သုံးမောင်းတာလည်းရှိပါတယ်။ အဲဒါတွေ အဆင့်ဆင့်ခွဲပြီးသုံးတယ်။ နည်းပညာက ဒီလောက်ပါပဲ။

– အခုတွေ့နေရတဲ့ကားဟာ ကိုယ်ပိုင်နည်းပညာလား သိပါရစေ။

အခုတွေ့ရတဲ့ လျှပ်စစ်စွမ်းအားသုံးကားဟာ ကျွန်တော့်ကျောင်းက ကိုယ်ပိုင်နည်းပညာဖြစ်ပါတယ်။ ကျွန်တော်တို့တီထွင်ထားတဲ့ လျှပ်စစ်



အင်ဂျင်အစား လျှပ်စစ်မော်တာသာပါရှိပြီး ဘက်ထရီအိုးမှ ထုတ်သော လျှပ်စစ်အားဖြင့် မော်တာကိုလည်ပတ်စေ၍ မောင်းနှင်သော လျှပ်စစ်ကား စက်ကိရိယာပိုင်းကို တွေ့ရစဉ်။

စွမ်းအားသုံးကားဟာ အာဆီယံ ၁၀ နိုင်ငံမှာ ကျွန်တော်တို့ တီထွင်ထားတာသာရှိပါတယ်။ ဘယ်နိုင်ငံမှာမှ မရှိသေးပါဘူး။

– ဆရာသုံးတဲ့ နိုင်ငံခြားဖြစ်ပစ္စည်းတွေက ရှားပါးပစ္စည်းများ ပါနိုင်ပါသလား။

ကျွန်တော်သုံးတဲ့မော်တာ၊ ဂီယာဘောက်၊ ကရောင်း၊ ဝှိုင်းတွေက ရန်ကုန်၊ မန္တလေး၊ လားရှိုးမြို့တွေမှာ အချိန်မရွေး ဝယ်လို့ရပါတယ်၊ ဂီယာဘောက်ဆိုရင် ဟိုက်အေ့စ်၊ ဆူဇူကီးဂီယာဘောက်တွေ သုံးပါတယ်။

– အခုကားက ဘက်ထရီကို အမှီပြုရတဲ့အတွက် ဘက်ထရီ ဘယ်နှစ်လုံးလောက် အသုံးပြုရပါသလဲ၊ မရပ်မနားသွားတဲ့အခါ ကီလိုဘယ်လောက်အထိ သွားနိုင်ပါသလဲ။

ဘက်ထရီလေးလုံးကနေ ၁၂လုံးအထိသုံးတာတွေ ရှိပါတယ်။ အခုတွေ့ရတဲ့ ကားက ၁၂ဗို့၊ ၁၂၀အင်ပီယာရှိ ဘက်ထရီအိုး ၁၂လုံး သုံးထားပါတယ်။ မရပ်မနားမောင်းရင် ကီလို ၅၀ အကွာအဝေးအထိ အနည်းဆုံး မောင်းနိုင်ပါတယ်။ မြေပြန့်သက်သက်မောင်းရင် ကီလို ၇၀၊ ၈၀ အကွာအဝေးအထိ မောင်းနိုင်ပါတယ်။ လားရှိုးမှာ စမ်းသပ်တာ ဘော်ဒီမပါ ကီလို ၁၀၀ လောက်အကွာအဝေး ရပါတယ်။ လားရှိုးမှာလည်း ရန်ကုန်မှာလိုပဲ သုတေသနလုပ်ငန်းတစ်ခု ထားရှိပြီး ကားတွေ စမ်းသပ်မှု ပြုလုပ်နေပါတယ်။

ရန်ကုန်မှာရော လားရှိုးမှာပါ သုတေသနပြုစမ်းသပ်တာက ရန်ကုန်က ပူတယ်၊ လားရှိုးရာသီဥတုက အေးတယ်၊ အေးတဲ့နေရာမှာ မော်တာ၏ စွမ်းဆောင်ချက်၊ ရန်ကုန်လို ပူတဲ့ရာသီဥတု မော်တာစွမ်းဆောင်ချက်များသိလိုလို့ ဖြစ်ပါတယ်။ ကျွန်တော့်ရဲ့ လျှပ်စစ်စွမ်းအားသုံးကားနဲ့ ပတ်သက်ပြီး တောင်တက်၊ တောင်ဆင်းစမ်းသပ်မှုကို လားရှိုးမှာ အဓိကထား စမ်းသပ်ပါတယ်၊ ရန်ကုန် ဘိုးဘွားရိပ်သာကုန်းတက်ဆိုရင် ၄၅-၅၀ ကီလိုနှုန်း မောင်းတက်နိုင်ပါတယ်။

– လက်ရှိခရီးအကွာအဝေးထက် ပိုခရီးရောက်နိုင်အောင် ဆောင်ရွက်မည့် အစီအစဉ်ရှိရင်လည်း ပြောပြပေးစေလိုပါတယ်။

သိပ်မကြာပါဘူး အကောင်အထည် ဖော်လာနိုင်တော့မှာပါ။ အခု စမ်းသပ်နေပါတယ်။ ဘယ်ဘက်ထရီ၊ ဘယ်မော်တာ၊ ဘယ်ဆားကစ်၊ ဘယ်ဂီယာဘောက်အသုံးပြုပြီး မော်တော်ယာဉ်ဝိတ် ဘယ်လောက်ရှိရင် ကီလို ၂၀၀ အကွာအဝေး မရပ်မနားသွားနိုင်မယ်ဆိုတာ တွက်ချက်ပြီးပါပြီ၊ အခုသင့်တော်တာနဲ့ စမ်းသပ်ဖို့ အသင့်ဖြစ်နေပါပြီ။

အခုမြင်နေရတဲ့ ကားဘော်ဒီက ဖိုက်ဘာနဲ့ တည်ဆောက်ထားတာ၊ ကျွန်တော့်အလုပ်ရုံက ထုတ်လုပ်တာပါ၊ ကျွန်တော့်မှာ ကားဘော်ဒီ မိုမျိုးစုံရှိပါတယ်၊ ဘယ်ကိုမှ လုပ်ငန်းမအပ်ပါဘူးဟု ပြောပြပါသည်။

သိလိုသည်များကို မေးမြန်းပြီးသောအခါ ဆရာဦးတင်မောင်ဝင်းက စာရေးသူအပါအဝင် လူလေးဦး ကိုတင်၍ ရန်ကုန်မြို့တွင်းနှင့် ဘိုးဘွားရိပ်သာရှေ့ရှိ ကုန်းမြင့်ယာဉ်ကြောများသို့ လျှပ်စစ်စွမ်းအားသုံးကားကို လက်တွေ့မောင်းနှင်ပြပါသည်။ လျှပ်စစ်စွမ်းအားသုံးကားမှာ အခြားကားများနည်းတူ မောင်းနေသော်လည်း တစ်ခုထူးခြားနေသည်က စက်သံလုံးဝမကြားရခြင်းပင် ဖြစ်ပါသည်။ ။

တတိယအကြိမ် တံတားမြို့ အထက အာစရိယပူဇော်ပွဲ

ရန်ကုန် မတ် ၁၆

ရန်ကုန်တိုင်း ကျောက်တန်းမြို့နယ် တံတားမြို့ အထကတွင် ပညာသင်ကြားခဲ့ကြသော ကျောင်းသား၊ ကျောင်းသူဟောင်းများ တွေ့ဆုံပွဲနှင့် အသက် (၆၀) ပြည့် အငြိမ်းစားယူပြီးကြသော ဆရာကြီး၊ ဆရာမကြီး ၄၃ ဦးတို့အား ပူဇော်ကန်တော့ပွဲကို ဧပြီ ၆ရက် (တနင်္ဂနွေနေ့)နံနက် ၉ နာရီတွင် သီရိ ရတနာခန်းမ အထက တံတားမြို့၌ ကျင်းပမည်ဖြစ်သည်။ အလှူငွေလှူဒါန်း လိုသူများသည် ဗိုလ်မှူးချုပ်အောင်မြင့် (ငြိမ်း)ဖုန်း-၀၁ ၅၇၉၇၄၂၊ဦးထွန်းလှရွှေ ဖုန်း-၀၅၆-၂၅၀၇၀၊ ဗိုလ်ကြီးတင်ယု ဖုန်း-၀၉-၅၁၈၃၃၅၄၊ ဒေါ်သန်းဌေး ဖုန်း-၀၁-၅၁၀၇၇၄၊ ဒေါ်မြစမ်း ဖုန်း-၀၉-၅၀၀၃၅၀၄၊ ဒေါ်ဝင်းမြင့် ဖုန်း-၀၉-၅၁၃၂၆၁၃၊ ဒေါ်စန်းစန်းနွယ် ဖုန်း-၀၉-၅၁၆၀၁၈၅၊ ဦးလှဝင်း (ကျောင်းအုပ်ကြီး၊ အထက တံတားမြို့) ဖုန်း-၃၃၃၅၄၅၃၊ ၃၃၃၅၄၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (က-ပ)

သံဖြူဇရပ်မြို့ အောင်မင်္ဂလာရပ်ကွက်ရှိ အမှတ်(၂)အခြေခံပညာ မူလတန်းကျောင်း၏ ၂၀၀၆-၂၀၀၇ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုပေးပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၉ ရက်က ယင်းကျောင်းတွင်ကျင်းပရာ မြို့နယ်ပညာရေးမှူး(ငြိမ်း) ဦးခင်မောင်ဦးက သံဖြူဇရပ်မြို့နယ် ဘက်စုံပညာထူးချွန်ဆုရ မကျော့ကေသွယ်နှင်းအား ဂုဏ်ပြုဆုနှင့်လက်ဆောင် ချီးမြှင့်စဉ်။ (ပညာရေး)

လှေကျင့်ရေးအလယ်တန်းကျောင်း(ရန်ကင်းပညာရေးကောလိပ်) ယခင်အလက(၁) ရန်ကင်း အာစရိယပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၆

လေ့ကျင့်ရေး အလယ်တန်းကျောင်း (ရန်ကင်းပညာရေးကောလိပ်) ယခင်အလက(၁) ရန်ကင်း ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ပထမအကြိမ် စုပေါင်းအာစရိယပူဇော်ပွဲကို နိုဝင်ဘာ ၁၂ ရက် (တန်ဆောင်မုန်းလပြည့်နေ့)တွင် ကျင်းပနိုင်ရန် စီစဉ်လျက်ရှိသည်။ ငွေအား၊ လူအား၊ အကြံဉာဏ်အားဖြင့် ဖြည့်ဆည်းကူညီလိုသူ ကျောင်းသား၊ ကျောင်းသူဟောင်းများအနေဖြင့် ဆရာဒေါ်ခင်စန်းမြင့် (ကျောင်း) ၅၆၁၅၆၅၊ (အိမ်) ၅၅၅၁၈၀ လိုင်းခွဲ ၂၆၁၊ ကိုပြည့်ဖြိုးဝေ ၀၉-၅၁-၆၉၆၉၁၊ ကိုမောင်မောင်ဝေ ၀၉-၅၁၀၆၈၄၀၊ ကိုကျော်ကျော်လွင်/ကိုမြတ်ဝင်းအောင် ၀၉-၅၁-၆၉၅၇၅၊ ကိုမိုးကျော်အောင် ၀၉-၅၁-၉၆၅၈၁၊ ၀၉-၉၉-၇၄၁၆၉၊ ကိုစိုးမင်း ၀၉-၅၃-၂၀၆၅၄၊ ကိုထိန်လင်းအောင် ၀၉-၅၀-၀၆၀၆၂ တို့ထံ ဆက်သွယ်နိုင်ကြောင်းသိရသည်။ ထို့အပြင် အာစရိယပူဇော်ပွဲ ဖြစ်မြောက်ရေးကော်မတီရုံးခန်းတည်ရှိရာ ယခင် အလက(၁) ရန်ကင်းကျောင်းတွင် နေ့စဉ် နံနက် ၉ နာရီမှ ၁၁ နာရီအတွင်း စုံစမ်းနိုင်ပြီး အပတ်စဉ် တနင်္ဂနွေနေ့တိုင်း နံနက် ၉ နာရီမှ ၁၁ နာရီအတွင်း ကျင်းပသော အစည်းအဝေးသို့ တက်ရောက်ကြပါရန် ဖိတ်ကြားထားသည်။ (က-ပ)

အင်အားပြင်းငလျင်တစ်ခုလှုပ်ရှား

နေပြည်တော် မတ် ၁၆

မတ် ၁၅ရက် မြန်မာစံတော်ချိန် ည ၉နာရီ ၁၅မိနစ် စက္ကန့် ၃၀တွင် ကမ္ဘာအေး မြေငလျင်စခန်း၏ တောင်ဘက်မိုင် ၉၇၀ခန့်ကွာဝေးသော အင်ဒိုနီးရှားနိုင်ငံ ဆူမတြားကျွန်း ဘန်ဒါအာချေးမြို့၏ တောင်အနောက်ယွန်းယွန်း မိုင် ၁၉၀အကွာ ပင်လယ်ပြင်ကို ဗဟိုပြု၍ အင်အားရစ်ချ်တာစကေး (၆ဒသမ၂) အဆင့်ရှိ အင်အားပြင်းထန်သော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှု ဦးစီးဌာနက သတင်းထုတ်ပြန်သည်။ (သတင်းစဉ်)

အထည်ချုပ်စက်ရုံ ကြိုပို့ယာဉ်တိမ်းမှောက် ဝန်ထမ်းသုံးဦးသေဆုံးပြီး ၂၇ ဦးဒဏ်ရာရရှိ

နေပြည်တော် မတ် ၁၆

မင်္ဂလာဒုံစက်မှုဇုန်ရှိ တာရှင်းအထည်ချုပ်စက်ရုံမှ ယာဉ်မောင်းဝင်းညွန့် မောင်းနှင်သည့် ဝန်ထမ်းကြိုပို့ ဘီအမ်ယာဉ် အမှတ်(၈/၁၂၂၁)သည် စက်ရုံဝန်ထမ်း ၃၃ ဦးအားတင်ဆောင်၍ မင်္ဂလာဒုံမြို့နယ် အမှတ်(၃) လမ်းမကြီးအတိုင်း လှည်းကူးမြို့မှ မင်္ဂလာဒုံစက်မှုဇုန်သို့ မောင်းနှင်လာစဉ် မတ် ၁၅ ရက် နံနက် ၇ နာရီခန့်တွင် မင်္ဂလာဒုံမြို့နယ် နွယ်ခွေကျေးရွာအနီးအရောက်၌ အရှိန်လွန်ကာ တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး တိမ်းမှောက်သွားခဲ့သည်။

ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်ပါဝန်ထမ်းများအနက်မှ မသန်းဌေး (၃၄)နှစ်၊ မစိုးစိုးအေး(၂၈)နှစ်နှင့် မဖြိုးဖြိုး(၂၅)နှစ်တို့ သုံးဦးသေဆုံးပြီး ၂၇ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရလူနာများအနက်မှ အတွင်းလူနာ ၁၀ ဦးနှင့် ပြင်ပလူနာ ၁၇ ဦးတို့အား မြောက်ဥက္ကလာပဆေးရုံကြီးတွင်ပို့ဆောင်၍ ဆေးဝါးကုသစောင့်ရှောက်ပေးလျက်ရှိကြောင်း၊ ယာဉ်မောင်းကို ဥပဒေအရ အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။(သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

နေပြည်တော် မတ် ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈) ကို မတ် ၈ ရက် မွန်းလွဲ ၁ နာရီတွင် စစ်တွေမြို့ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ သဘာပတိ ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရဲနိုင်အောင်က အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန် များကို အသေးစိတ်ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့်ဖွဲ့စည်းမှုများကို တင်ပြဆွေးနွေးကြပြီး သဘာပတိက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ရခိုင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကို ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ကရင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

နေပြည်တော် မတ် ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ကရင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၀၈)ကို မတ် ၁၂ရက် မွန်းတည့် ၁၂ နာရီတွင် ကရင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ သဘာပတိအဖြစ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဦးစောဘလှိုင်နှင့် ဦးလန်းဇုန်းတို့က ဆောင်ရွက်ကြသည်။

ရှေးဦးစွာ သဘာပတိ ကော်မရှင်အဖွဲ့ဝင် ဦးစောဘလှိုင်က အဖွင့်အမှာစကားပြောကြားပြီး ပြည်နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌက ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေနှင့် နည်းဥပဒေများကို ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ကော်မရှင်အဖွဲ့ဝင် ဦးလန်းဇုန်းက ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲများနှင့် စပ်လျဉ်း၍လည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးစောဘလှိုင်က မဲရုံမှူးနှင့် မဲရုံအဖွဲ့ဝင်များနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။ ယင်းနောက် ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးက ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများ ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းနှင့် စပ်လျဉ်း၍ ဖတ်ကြားတင်ပြသည်။ ဆက်လက်၍ တက်ရောက်လာသူများက အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြကာ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမောင်မောင်က နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ကရင်ပြည်နယ်ကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေး (၁/၂၀၀၈)ကို ကျင်းပစဉ်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး မကွေးတိုင်းကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကျင်းပ

နေပြည်တော် မတ် ၁၆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး မကွေးတိုင်းကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကို မတ် ၈ ရက် နံနက် ၉ နာရီတွင် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အဆိုပါ လုပ်ငန်းညှိနှိုင်း အစည်းအဝေးသို့ ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေမူကြမ်းအတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး ကော်မရှင်အဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာအောင်ဆန်းဝင်းနှင့် ဦးခတ်ထိန်နန်း၊ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေး မကွေးတိုင်း ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးမြင့်သိန်းနှင့် တိုင်းကော်မရှင် အဖွဲ့ခွဲဝင်များ၊ မကွေးတိုင်းအတွင်းရှိ ခရိုင်ကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မကွေးတိုင်းအတွင်း ခရိုင်နှင့် မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဆင့်ဆင့် ဖွဲ့စည်းမှုများကို အတည်ပြုခဲ့ပြီး ပြည်ထောင်စု သမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန် စာစောင်များကို ရှင်းလင်းဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးတင်ပြကြပြီး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို နေ့လယ်ပိုင်းတွင် ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲကျင်းပရေး မကွေးတိုင်းကော်မရှင်အဖွဲ့ခွဲ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၀၈)ကို ကျင်းပစဉ်။ (သတင်းစဉ်)